Forest Trends Report Series
သစ်တောဆိုင်ရာ ကုန်သွယ်ရေးနှင့်ဘဏ္ဍာရေး

နိုဝင်ဘာလ၊ ၂၀၁၃



# မြန်မာနိုင်ငံရှိ သစ်ကုန်သွယ်ရေးစီးဆင်းမှုများနှင့် လုပ်ကိုင်ဆောင်ရွက်နေသူများ -

## မြန်မာနိုင်ငံသစ်ကုန်သွယ်မှု၏ နိုင်ငံရေးဆိုင်ရာစီးပွားရေး

FOREST TRENDS

UKaid
from the British people

J

# မြန်မာနိုင်ငံရှိ သစ်ကုန်သွယ်ရေးစီးဆင်းမှုများနှင့် လုပ်ကိုင်ဆောင်ရွက်နေသူများ

## မြန်မာနိုင်ငံသစ်ကုန်သွယ်မှု၏ နိုင်ငံရေးဆိုင်ရာ စီးပွားရေး

**Kevin Woods**

နိုဝင်ဘာလ ၂၀၁၃

FOREST TRENDS

UKaid from the British people

## အသိအမှတ်ပြုမှုများ

စာရေးသူ Kevin Woods သည် မြန်မာနိုင်ငံ၏ သယံဇာတထုတ်လုပ်မှုနှင့်ပတ်သက်သည့် နိုင်ငံရေးဆိုင်ရာ စီးပွားရေးအပေါ် ၎င်းနှစ်ပေါင်းများစွာပြုလုပ်ထားသည့် ရလာဒ်ဖြစ်သော ဤလေ့လာမှုအား Forest Trends က တင်ပြခွင့်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။ ယခုအစီရင်ခံစာသည် Forest Trends မှ Kerstin Canby နှင့် Eve Richer တို့ ရက်ရောစွာပေးသည့် အချက်အလက်များကြောင့် ပိုမိုကောင်းမွန်လာပြီး၊ စိတ်ကူးသဘောထားများကို Forest Trends မှ Anne Thiel နှင့် Eszter Szocs တို့၏ အဆက်မပြတ်စိတ်ရှည်စွာဖြင့် graphics များဖြင့် ပုံဖော်ပေးရာတွင် များစွာအကျိုးဖြစ်စေခဲ့သည်။ နောက်ဆုံးအနေနှင့် နောက်ခံအမျိုးစုံမှလာသော မြန်မာလူမျိုးလုပ်ဖော်ကိုင်ဘက်များသည် ဤနိုင်ငံတွင် သစ်ကုန်သွယ်ရေး အမှန်တကယ် မည်ကဲ့သို့ ပြုလုပ်ဆောင်ရွက်နေသည်ကို ပိုမိုနားလည်လာစေရန် နှစ်ပေါင်းများစွာကာလအတွင်း ၎င်းတို့၏အချိန်များကို ရက်ရောစွာပေးခဲ့ကြပါသည်။ ယခုအစီရင်ခံစာ၏ လေ့လာသုံးသပ်မှုများထဲတွင် မရည်ရွယ်သည့်အမှားများရှိခဲ့လျှင် စာရေးသူသည် အပြည့်အဝတာဝန်ယူပါမည်။

## မာတိကာ


**အကျဉ်းချုပ်** ........................................................................ ၈

**သစ်တင်ပို့မှုများ** .................................................................... ၁၁

တရားဝင်သစ်ကုန်သွယ်မှု ........................................................... ၁၁

တင်ပို့မှုအချက်အလက်များနှင့် တင်ပို့မှုများ၏တရားဝင်မှု .................................. ၁၃

ရေရှည်တည်တံ့ခိုင်မြဲမှု၊ ဒေသခံများ၏ မြေသုံးပိုင်ခွင့်များနှင့်
ကျင့်ဝတ် နှင့်အညီဇာစ်မြစ် ရှာဖွေခြင်း ................................................ ၁၄

**သစ်အရင်းအမြစ်ရှာဖွေခြင်း** ............................................................ ၁၇

**စက်မှုစိုက်ပျိုးလိုက်လျောမှုများနှင့် သစ်ရှာဖွေခြင်းတို့၏ အချိတ်အဆက်** ...................... ၂၂

**မြန်မာနိုင်ငံ၏ သစ်ကုန်သွယ်မှု၏ အဓိကလုပ်ကိုင်ဆောင်ရွက်နေသူများ** ...................... ၂၃

ရန်ကုန်မှတဆင့်တင်ပို့နေသော နိုင်ငံတကာသစ်ကုန်သည်များ......................... ၂၄

နယ်စပ်ဖြတ်ကျော် သစ်ကုန်သည်များ........................................................ ၂၅

ပြည်တွင်းတွင် များစွာလွှမ်းမိုးလျှက်ရှိသော လုပ်ငန်းအဖွဲ့များ (“ခရိုနီကုမ္ပဏီများ”)....... ၂၇

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ................................................... ၂၈

**နိဂုံး - FLEGT နှင့် EUTR တို့အပေါ် အကျိုးသက်ရောက်မှုများ** ................................ ၂၉

**ကိုးကားကျမ်းများ** ...................................................................... ၃၁

# အတိုကောက်စာရင်း

| | |
|---|---|
| AAC | Annual Allowable Cut (နှစ်စဉ်ထုတ်လုပ်မှု လျာထားချက်) |
| CoC | Chain of Custody (အဆင့်ဆင့်ထိန်းသိမ်းစောင့်ရှောက်မှု) |
| CFI | Community Forest Instructions (ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောရေးရာ ညွှန်ကြားချက်များ) |
| EC | European Commission (ဥရောပကော်မရှင်) |
| EFI | European Forestry Institute (ဥရောပသစ်တောရေးရာအဖွဲ့အစည်း) |
| EUTR | European Union Timber Regulation (ဥရောပသမဂ္ဂသစ်ထုတ်လုပ်ရေးဥပဒေ) |
| FLEGT | Forest Law Enforcement, Governance and Trade (သစ်တောဥပဒေကြပ်မတ်ခြင်း၊ အုပ်ချုပ်မှုနှင့်ကုန်သွယ်မှု) |
| ITTO | International Tropical Timber Organization (အပြည်ပြည်ဆိုင်ရာ အပူပိုင်းသစ်တော ကာကွယ်ရေးအဖွဲ့) |
| MOAI | Ministry of Agriculture and Irrigation (လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) |
| MOECAF | Ministry of Environmental Conservation and Forestry (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ) |
| MSS | Myanmar Selection System (မြန်မာ့ရွေးချယ်မှုစနစ်) |
| MTE | Myanmar Timber Enterprise (မြန်မာ့သစ်လုပ်ငန်း) |
| MTMA | Myanmar Timber Merchants’ Association (မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း) |
| UMFCCI | Union of Myanmar Federation of Chamber of Commerce and Industry (ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း) |
| VLO | Verification of Legal Origin (တရားဝင်မူလဇာစ်မြစ် အတည်ပြုခြင်း) |
| VPA | Voluntary Partnership Agreement (သဘောအလျောက် လုပ်ဖော်ကိုင်ဘက် သဘောတူညီချက်များ) |

# အကျဉ်းချုပ်

မြန်မာနိုင်ငံ၏သစ်ကို ယေဘုယျအားဖြင့် ဇာစ်မြစ် (၅) မျိုးထံမှလာသည်ဟု အမျိုးအစားခွဲခြားသတ်မှတ်နိုင်ပြီး ၎င်းတို့တစ်ခုချင်းအတွက် ကိုယ်ပိုင်ပထဝီအနေအထားနှင့် လုပ်ကိုင်ဆောင်ရွက်နေသူများ (actors) ရှိသည်။ တရားဝင်မှု၊ ရေရှည် တည်တံ့ခိုင်မြဲမှုနှင့် ဒေသခံတို့၏မြေသုံးပိုင်ခွင့်တို့နှင့်ပတ်သက်ပြီး ၎င်းအမျိုးအစား (၅) ခုအား တစ်ခုချင်းအသေအချာ အာရုံစိုက်သင့်သည်။ ယခုအချိန်အထိ မြန်မာ့သစ်ဇာစ်မြစ် ရှာဖွေခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးမှုအများစု၊ အထူးသဖြင့် ကမ္ဘာကျော် မြန်မာ့ကျွန်းသစ်နှင့် ပတ်သက်လျှင် လမ်းကြောင်းများထဲမှ တစ်ခုကိုသာ အာရုံစိုက်လေ့ရှိပြီး ၎င်းမှာ အလယ်ပိုင်းမြေပြန့်ဒေသများတွင်ရှိသော အစိုးရကစီမံအုပ်ချုပ်သည့် ကျွန်းသစ်တောများပင် ဖြစ်သည်။ မြန်မာနိုင်ငံ၏ လတ်တလော အသစ် ဖွဲ့စည်းတည်ထောင်ထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန (MOECAF) နှင့် မြန်မာ့သစ်လုပ်ငန်းရှင်များအသင်း (MTMA) တို့သည် အနောက်တိုင်းအစိုးရများနှင့် သစ်တင်သွင်းသည့် ကုမ္ပဏီများထံသို့ချဉ်းကပ်ပြီး သစ်သည် လက်ရှိအခြေအနေတွင် သို့မဟုတ် ပြုပြင်မှုအနည်းငယ် ပြုလုပ်ပြီးလျှင် တရားဝင်သစ်အဖြစ် သတ်မှတ်ပြီး နောက်ခံ တွင် ကျေနပ်လောက်သည့်စနစ်များ ရှိသည်ဆိုတာကို တင်ပြ လျှက်ရှိသည်။

ယခုအစီရင်ခံစာက ဖော်ပြသည်မှာ ယခုလတ်တလော ဆွဲခေါ်နေသည့် တိကျမှုမရှိသော ပုံရိပ်အားယှဉ်၍ မြန်မာနိုင်ငံ၏သစ်ကုန်သွယ်မှုသည် များစွာပိုမိုရှုပ်ထွေးသည်ဆိုတာပင်ဖြစ်သည်။ သစ်ဇာစ်မြစ် (၅) မျိုးစလုံးနှင့် ၎င်းတို့ကို လုပ်ကိုင်ဆောင်ရွက်နေသူများ၏ ရွေ့လျားလုပ်ရှားပုံတို့၏ တရားဝင်မှု၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ကျင့်ဝတ်တို့အား ပိုမိုနားလည်ရန်လိုအပ်ပြီး အကြောင်းမှာ သစ်အား ပုံမှန်အားဖြင့် ဖြစ်နိုင်သည့်ဇာစ်မြစ်မျိုးစုံမှ ရောထွေး၍တင်ပို့နေခြင်းကြောင့်ဖြစ်သည်။ တင်ပို့မှုစည်းကမ်းများနှင့်ကိုက်ညီခြင်းအား အာမခံချက်လိုလားသည့် အနောက်တိုင်းနိုင်ငံများ၊ ဖွံ့ဖြိုးရေးအေဂျင်စီများနှင့် နိုင်ငံတကာဝယ်ယူသူများနှင့် မူဝါဒများအား ဝယ်ယူနေသည့် ရောင်းချသူများသည် ၎င်းရှုပ်ထွေးမှုများအား ပိုမိုနားလည်ရန် လိုအပ်သည်။

ယခုအစီရင်ခံစာသည် သစ်၏ပထဝီဆိုင်ရာ ဇာစ်မြစ်ကိုဖော်ပြပြီး နိုင်ငံအတွင်း သစ်၏ပို့ဆောင်လှုပ်ရှားမှုနှင့် နယ်စပ်ဖြတ်ကျော်မှု၊ သစ်ထုတ်လုပ်ခြင်းတွင် ပတ်သက်သည့် လုပ်ကိုင်ဆောင်ရွက်နေသူများ၊ လုပ်ငန်းစဉ်နှင့်ကုန်သွယ်မှုနှင့် မြန်မာ့သစ် တရားဝင်မှုအား အဆုံးအဖြတ်ပေးသည့် နိုင်ငံရေး အချက်အချာများ၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ကျင့်ဝတ်နှင့်အညီဇာစ်မြစ်ရှာဖွေခြင်းများအား ဖော်ပြသည်။ မြန်မာနိုင်ငံအတွင်း သစ်ကုန်သွယ်မှု၏ နိုင်ငံရေးဆိုင်ရာ စီးပွားရေးအား နောက်ကြောင်းလိုက်သည့် ဤအစီရင်ခံစာ၏ ခြုံငုံတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

၁။ **သစ်ထုတ်လုပ်ခြင်း၏ မူလဇာစ်မြစ်** - နိုင်ငံတွင် အလားအလာရှိသည့် သစ်ဇာစ်မြစ် (၅) မျိုးရှိပြီး တစ်ခုချင်းတွင် တရားဝင်မှု၊ ရေရှည်တည်တံ့ခိုင်မြဲမှု၊ မြေသုံးပိုင်ခွင့်စနစ်များနှင့် ကျင့်ဝတ်နှင့်အညီ ရှာဖွေခြင်း တို့နှင့် ပတ်သက်သည့် ကိုယ်ပိုင်အဆင့်များရှိသည်။

(က) နိုင်ငံတော်က စီမံအုပ်ချုပ်သည့် (မြန်မာ့သစ်လုပ်ငန်း သို့မဟုတ် MTE) သစ်တောများ၊ အများစုမှာ ကျွန်းသစ်များဖြစ်သည်။

(ခ) သဘာဝသစ်တောများအတွင်း သစ်ခုတ်လှဲခြင်းလိုက်လျောပေးမှုအများစုမှာ တိုင်းရင်းသားပဋိပက္ခနယ်မြေများတွင် ဖြစ်သည်။

(ဂ) သဘာဝသစ်တောများတွင် အသွင်ပြောင်းသုံးစွဲသည့်မြေများ ပြုလုပ်ခြင်းသည် များသောအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုက်လျောခြင်းများမှ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး၊ အများစုမှာ (သို့သော် အမြဲမဟုတ်) တိုင်းရင်းသားနယ်မြေများတွင်ဖြစ်ပြီး ၎င်းအား အသွင်ပြောင်း သုံးစွဲသည့် သစ် (conversion timber ) ဟုလည်း ခေါ်ဝေါ် သည်။

(ဃ) နိုင်ငံရေးနှင့်စီးပွားရေး အချက်မျိုးစုံကြောင့် အလွန်ကန့်သတ်ထားသည့် သစ်ပင်စိုက်ပျိုးခြင်း။

(င) စီးပွားဖြစ်သစ်ထုတ်လုပ်ခြင်းအား လုပ်ပိုင်ခွင့်မရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ။

၂။ **သဘာဝသစ်တောဧရိယာများ** - နိုင်ငံတော်က စီမံအုပ်ချုပ်သည့်သစ်တောများနှင့် အနည်းအကျဉ်းအားဖြင့် သစ်ပင်စိုက်ခင်းများထံမှသာ သစ်များရှာဖွေထုတ်လုပ်သည်ဟု အစိုးရက တရားဝင်ပြောကြားသော်လည်း မြန်မာနိုင်ငံ၏ သစ်တင်ပို့မှု၏ ရာခိုင်နှုန်းအများအပြားမှာ အသွင်ပြောင်း သုံးစွဲသည့်မြေ (land conversion) နှင့် သစ်ခုတ်လှဲခြင်းလိုက်လျောပေးမှုများမှ တဆင့်သဘာဝသစ်တောများမှ ယူနိုင်ခြေ အလွန်များပြားသည်။ သဘာဝသစ်တောနယ်ပယ်အသစ်များ လျော့ပါးလာသည်နှင့်အမျှ အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်နှင့် ကချင်ပြည်နယ်ကြားရှိ စစ်ကိုင်းတိုင်းဒေသကြီး၏ မြောက်ပိုင်းနှင့် ကချင်ပြည်နယ် တောင်ပိုင်းဒေသအချို့သည် အစိုးရထိန်းချုပ်ထားသည့် နယ်မြေများအတွင်း အနောက်ဆုံး သစ်ခုတ်လှဲသည့် နယ်ပယ်အသစ်များ ဖြစ်လာသည်။ သဘာဝသစ်တောအများစုမှာ လက်ရှိစစ်ပြီးကာလ ပဋိပက္ခ နယ်မြေများအတွင်းရှိ တိုင်းရင်းသားထိစပ်နယ်မြေများတွင်ဖြစ်ပြီး၊ အထူးသဖြင့် ထိုင်းနယ်စပ် (ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး) နှင့် တရုတ်နယ်စပ် (ကချင်ပြည်နယ်) တို့တွင်ဖြစ်သည်။ ထိစပ်နယ်မြေများတွင်လှုပ်ရှားနေသည့် နိုင်ငံတွင်းရှိ ပြည်နယ်မဲ့ လက် နက်ကိုင်အုပ်စုများသည် လက်ရှိအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အသစ်များ လက်မှတ်ရေးထိုးပြီးသည်နှင့်အမျှ ပဋိပက္ခများ၏ အမျိုးအစားနှင့် အတိုင်းအတာတို့သည်လည်း အပြောင်းအလဲရှိနိုင်သည်။ သို့သော် ထိုအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များသည် ယာယီသဘောသာဆောင်ပြီး ယခု အချိန်အထိ နိုင်ငံရေးဆွေးနွေးမှု အနည်းငယ်မျှသာရှိသေးပြီး စစ်ပြီးကာလအချို့နေရာများတွင် မြေပဋိပက္ခ လိုင်းလုံးအသစ်များနှင့် မြန်မာစစ်တပ်၏ပါဝင်မှု မြင့်မားလာခြင်းတို့သည် ဒေသခံများအတွက် ပူဆွေးမှုများ ထပ်မံဖြစ်ပေါ်စေသည်။

၃။ **သစ်များရောနှောခြင်း** - ရန်ကုန်မှတင်ပို့မည့် သစ်စုစည်းမှုအတွင်းသို့ ဇာစ်မြစ်မျိုးစုံမှသစ်များသည် ရောနှောပြီး ဝင်လျှက်ရှိသည်။ အစိုးရသည် တင်ပို့ရန်ရည်ရွယ်ထားသည့် စီးပွားဖြစ်သစ်များ၏ခြားနားသည့် ဇာစ်မြစ်များအား ခွဲခြားသတ်မှတ်ခြင်းမရှိပါ (သဘာဝ၊ စိုက်ခင်း၊ စီမံအုပ်ချုပ်မှုအောက်ရှိ သစ်တောများ)။ ၎င်းသည် ဥရောပနှင့်တောင်အမေရိကရှိ တရားဝင်သစ်ဈေးကွက်များအတွင်းသို့ မြန်မာနိုင်ငံမှသစ်များ တင်ပို့နိုင်ရန်အတွက် အဓိကကျသည့် အတားအဆီးတစ်ခုအနေနှင့် ရှိနေပြီး ကိုင်တွယ်ဆောင်ရွက်ရန် လိုအပ်သည်။

၄။ **လုပ်ကိုင်ဆောင်ရွက်နေသူများ** - သစ်ကုန်သွယ်ရေးစီးဆင်းမှု တစ်ခုချင်းစီတွင် သီးခြားလုပ်ကိုင်ဆောင်ရွက်နေသူများရှိပြီး ၎င်းတို့တစ်ဦးချင်းစီတွင် ကိုယ်ပိုင်နိုင်ငံရေးအချိတ်အဆက်များနှင့် ငွေကြေးထောက်ပံ့မှုများ ရှိသည်။

(က) မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း (MTMA)၊ နိုင်ငံတော်အစိုးရက ကျောထောက်နောက်ခံပြုသည့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်း။

(ခ) ကြီးမားပြီးလွှမ်းမိုးမှုရှိသည့် ပြည်တွင်းလုပ်ငန်းရှင်များအုပ်စု (ဥပမာ - "ခရိုနီကုမ္ပဏီများ")။

(ဂ) ရန်ကုန်မှတဆင့်တင်ပို့နေသော နိုင်ငံတကာသစ်ကုန်သည်များ၊ အထူးသဖြင့် အာရှငွေကြေးလည်ပတ်မှုအပေါ် အခြေခံသူများ။

(ဃ) မြန်မာ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံမှ နယ်စပ်ဖြတ်ကျော်သစ်ကုန်သည်များ။

(င) ရန်ကုန်တွင်အခြေစိုက်သည့် ပြည်တွင်းသစ်ကုန်သည်များ၊ လုပ်ငန်းလည်ပတ်စေသူများ။

၅။ **တရားဝင်မှုနှင့်တင်ပို့သည့်နေရာ** - ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန (MOECAF) အောက်ရှိ မြန်မာ့သစ်လုပ်ငန်း (MTE) ၏ တံဆိပ်ပါလျှင် သစ်အားလုံးသည် တရားဝင်အဖြစ်သတ်မှတ်ပြီး ရန်ကုန်ဆိပ်ကမ်းများမှတဆင့် တင်ပို့သည်။ လတ်တလောနှစ်များတွင် မြန်မာအစိုးရသည် သစ်များအား ရန်ကုန်ဆိပ်ကမ်းများမှသာ တင်ပို့ခြင်းကို အာမခံနိုင်ရန် သိသာသည့်ကြိုးပမ်းမှုများ ပြုလုပ်လျှက်ရှိပြီး ၎င်းသည် သစ်မှရရှိသည့်ဝင်ငွေများ၊ နိုင်ငံနှင့်မသက်ဆိုင်သည့် ထိစပ်နယ်မြေများရှိ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများထံမှ လမ်းလွှဲရန်ရည်ရွယ်သည့်မူဝါဒဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ ဤနည်းလမ်းဖြင့် သစ်မှရရှိ

သည့်ဝင်ငွေများ အစိုးရထံရောက်ရှိလာသော်လည်း သစ်များသည် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံနယ်စပ်များမှတဆင့် ဆက်လက်ခိုးထုတ်လျှက်ရှိပြီး၊ အထူးသဖြင့် တိုင်းရင်းသားဒေသများရှိ သဘာဝသစ်တောများအတွင်းမှ သစ်ခုတ်လှဲခြင်းလိုက်လျောမှုများမှဖြစ်ကာ ၎င်းသည် မြန်မာနိုင်ငံ၏ဥပဒေတွင်သာမကဘဲ နယ်စပ်ဖြတ်ကျော်ပြီးတင်သွင်းနေသည့် နိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ[၁]နှင့်တရုတ်နိုင်ငံ[၂]တို့၏ ဥပဒေများတွင်လည်း တရားဝင်မှုမရှိကာ ထိုနိုင်ငံများသည် မြန်မာနှင့်ကုန်းလမ်းမှ သစ်ကုန်သွယ်မှုနှင့်ပတ်သက်ပြီး ကြေငြာချက်များ ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံ၏ထိစပ်နယ်မြေများရှိ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းအချို့သည်လည်း ၎င်းတို့ဩဇာအာဏာရှိသည့်နယ်မြေများတွင် သစ်ထုတ်လုပ်ခြင်းအား တားမြစ်ထားသော်လည်း လက်တွေ့တွင် အလွန်လိုက်နာခဲ့သည်။ ထိုအားနည်းချက်များသည် မြန်မာနိုင်ငံ၏အဆင့်မြင့်အရာရှိကြီးများ ကုန်းလမ်းမှသစ်တင်ပို့မှုအား တရားဝင်ခြင်းချက်များပြုလုပ်ခြင်းကို အခွင့်အခါပေးသလိုလည်း ဖြစ်နေသည်။

၆။ **တရားဝင်မှုနှင့်ရေရှည်တည်တံ့ခိုင်မြဲမှု** - မြန်မာနိုင်ငံ၏ သစ်တောထွက်ပစ္စည်းများ တရားဝင်မှုသည် ပတ်ဝန်းကျင်၏ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် အကျိုးသက်ရောက်မှုတို့နှင့် ဆက်နွယ်မှုမရှိပါ။ ရေရှည်တည်တံ့ခိုင်မြဲမှု အလားအလာအမြင့်ဆုံးရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများသည် သစ်များအားတရားဝင်တင်ပို့နိုင်ခွင့်မရှိသေးကာ သစ်ပင်စိုက်ခင်းများမှ အလွန်နည်းပါးသည့်သစ်ပမာဏသာ ဈေးကွက်အတွင်းသို့ဝင်ရောက်လျှက်ရှိသည်။ သစ်ပမာဏအများဆုံး၏ဇာစ်မြစ်မှာ ရေရှည်တည်တံ့ခိုင်မြဲမှုအနည်းဆုံးရှိသည့် သစ်တောဝလေ့များမှ ရရှိခြင်းဖြစ်သည်။ ၎င်းအချက်သည် ကောင်းမွန်သည့် သစ်တောစီမံအုပ်ချုပ်မှုနှင့် သစ်စည်းမျဉ်းဥပဒေများ ဖော်ထုတ်ရန်အတွက် တရားဝင်မှုတစ်ခုတည်းကိုသာ အသုံးချခြင်းနှင့်ပတ်သက်ပြီး လေးနက်သည့် စိုးရိမ်မှုများပေါ်ပေါက်စေသည်။

၇။ **မြေသုံးပိုင်ခွင့်များ** - ယခုအစီရင်ခံစာတွင် လေ့လာသုံးသပ်ထားသော သစ်တောအမျိုးအစား (၅) မျိုးထဲမှ (၄) မျိုး (သစ်ပင်စိုက်ခင်းများ၊ နိုင်ငံတော်ကစီမံအုပ်ချုပ်သည့် သစ်တောများ၊ သစ်ခုတ်လှဲခြင်းလိုက်လျောမှုများနှင့် စိုက်ပျိုးရေး-သစ်တောအသွင်ပြောင်းသုံးစွဲမှုများ) အား ဒေသခံလူ့အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ အမျိုးသားဥပဒေများနှင့်မူဝါဒများအရ မြေသုံးပိုင်ခွင့်မရှိပါ။ သစ်တောမြေများ၊ အထူးသဖြင့် သစ်ခုတ်လှဲခွင့် လိုက်လျောထားသည့် မြေအများစုမှာ နဂိုအစဉ်အလာအရ ပိုင်ဆိုင်ထားသည့်မြေများနှင့် ဒေသခံ အဖွဲ့အစည်းများအောက်ရှိမြေများတွင် သတ်မှတ်လေ့ရှိသည်။ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းနေသည့် အစိုးရ လတ်တလောရင်ဆိုင်နေရသည့် အဓိကအချက်များထဲတွင် မြေပဋိပက္ခသည် တစ်ခုဖြစ်ပြီး ၎င်းအကြောင်းအရာသည် ရှေ့လာမည့် Forest Trends အစီရင်ခံစာများထဲတွင် အကြောင်းအရာတစ်ခုအနေနှင့် ပါဝင်မည်ဖြစ်သည်။

နိုင်ငံ၏ပျောက်ကွယ်လျှက်ရှိနေသည့် သစ်တောများတွင် သစ်ခုတ်လှဲခွင့် လိုက်လျောမှုများအား စစ်တပ်နှင့်အစိုးရက မြန်မာခရိုနီကုမ္ပဏီများထံ ပေးနေသည်ဆိုသည်ကို ထုတ်ပြန်ထားသည်မှာ ကြာမြင့်နေပြီဖြစ်သည်။ သို့သော် လက်ရှိအသွင်ကူးပြောင်းကာလအတွင်းတွင် နိုင်ငံတော်ကစီမံအုပ်ချုပ်သည့် မြန်မာ့သစ်လုပ်ငန်း (MTE) ပိုင် ကျွန်းသစ်တောများထံ အာရုံအများစုမှာ မဟာဗျူဟာမြောက်စွာဖြင့်ရောက်ရှိနေပြီး အကြောင်းမှာ မြန်မာ့သစ်တင်ပို့မှုသည် ကောင်းမွန်သည့် တရားဝင်အခြေအနေရှိသည်ကို အနောက်တိုင်းတင်သွင်းသူများအား ဖြောင်းဖြရန်ဖြစ်သည်။ သစ်

[၁] သစ်တင်သွင်းမှုနှင့် ပြည်တွင်းသယ်ယူပို့ဆောင်မှုတို့နှင့်ပတ်သက်သည့် လက်ရှိထိုင်းနိုင်ငံ၏စည်းမျဉ်းဥပဒေများအရ မြန်မာနိုင်ငံမှသစ်မှာ ထိုင်းနိုင်ငံအတွင်းသို့ တရားဝင်တင်သွင်းရန် စစ်မှန်သည့် မြန်မာအစိုးရ၏ခွင့်ပြုချက်များဖြင့် ရန်ကုန်မှတဆင့်ရေကြောင်းမှ တင်ပို့ရမည်ဖြစ်သည်။ ထိုင်းအစိုးရသည် မြန်မာ့သစ်လုံးများအား နှစ်နိုင်ငံကြား နယ်စပ်မှဖြတ်ကျော်တင်ပို့ရန် အထူးခြွင်းချက်များပေးနိုင်သော်လည်း လွန်ခဲ့သော ၁၀ နှစ်ကာလတွင် ဤကဲ့သို့ပြုလုပ်ခြင်း အလွန်နည်းပါးသည်။ သစ်အချောထည်များ၊ အထူးသဖြင့် ကျွန်းပရိဘောဂများအား မြန်မာနိုင်ငံတွင်းမှရရှိပြီး အချောထည်ပြုလုပ်ထားကြောင်းအတည်ပြုသည့် စစ်မှန်သောစာရွက်စာတမ်းများဖြင့် ထိုင်းနိုင်ငံနယ်စပ်အားဖြတ်ကျော်ပြီး တင်ပို့နိုင်သည်။ သို့သော် ပိုနည်းသည့်ပမာဏရှိသည့် အချောထည်မပြုလုပ်ရသေးသောသစ်လုံးများသည် ထိုင်းအစိုးရ၏ခွင့်ပြုချက်မပါဘဲ နယ်စပ်အားကုန်းလမ်းမှဖြတ်ကျော်လျှက်ရှိသည် (Woods, K. နှင့် K. Canby ၊ ၂၀၁၁)။

[၂] "မြန်မာနှင့်ယူနန်ပြည်နယ်အကြား သစ်များနှင့်တွင်းထွက်ပစ္စည်းများ စီမံအုပ်ချုပ်ရန်ပြုလုပ်သည့် ကြားဖြတ်ဆောင်ရွက်မှုများ"။ ယူနန်ပြည်နယ်၏ ပြည်သူ့အစိုးရက မေလ ၁၁၊ ၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်သည်။ မူဝါဒကိုးကားချက်နံပါတ် - မူဝါဒရုံး၊ ယူနန် [၂၀၀၆] ၉၁။ Xinhua ၂၀၀၆ တွင်လည်း ကြည့်နိုင်သည်။


ကုန်သွယ်ရေးစနစ်များ မြန်မာနိုင်ငံတွင်ဖော်ထုတ်လျှက်ရှိသော ယခုကဲ့သို့ အလွန်အရေးကြီးသည့်ကာလတွင် သစ်ဇာစ်မြစ်အမျိုးမျိုး၊ လုပ်ကိုင်ဆောင်ရွက်နေသူများ၊ တိုင်းပြည်၏ သစ်ကုန်သွယ်မှုနှင့်ပတ်သက်နေသော ပထဝီအနေအထားများနှင့်နိုင်ငံရေးတို့အား ဖော်ထုတ်ရန်လိုပြီး အစိုးရကခွင့်ပြုထားသည့် သစ်စီးဆင်းမှုတစ်ခုတည်းသာ အာရုံစိုက်ခြင်းနှင့် ရိုးရှင်းသည့် တရားဝင်မှု ချဉ်းကပ်ပုံတို့အပေါ်လည်း စိတ်ပူပန်စရာများဖြစ်ပေါ်စေသည်။ နိုင်ငံရေးဆိုင်ရာစီးပွားရေးနည်းဖြင့် ချဉ်းကပ်ပုံမှာလည်း တရားဝင်မှုတစ်ခုတည်းဖြင့်သာ အဓိပ္ပာယ်ဖွင့်သည့် ကျဉ်းမြောင်းသောသစ်ကုန်သွယ်ရေးအား ကျော်လွန်၍ နိုင်ငံရေး၊ ရေရှည်တည်တံ့ခိုင်မြဲမှု၊ ဒေသခံများ၏အခွင့်အရေးများနှင့် ကျင့်ဝတ်နှင့်အညီ ဇာစ်မြစ်ကို ရှာဖွေခြင်းအစရှိသော ပိုမိုကျယ်ပြန့်သည့်အချက်အလက်များ ပါဝင်သည်။ မြန်မာနိုင်ငံ သစ်ကုန်သွယ်မှု၏ နိုင်ငံရေးဆိုင်ရာစီးပွားရေးနှင့် နိုင်ငံတကာဈေးကွက်၏ အတည်ပြုနိုင်သည့် တရားဝင်နှင့်/သို့မ ဟုတ်ရေရှည်တည်တံ့ခိုင်မြဲမည့် သစ်တောထွက်ပစ္စည်းများအကြောင်းအား တောင်းဆိုမှုတို့ကို ပိုမိုကျယ်ပြန့်စွာသိရှိခြင်းသည် ပိုမိုကြီးမားသည့် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့်ကောင်းသောမြေဆိုင်ရာ အုပ်ချုပ်မှုတို့အားမြှင့်တင်ပြီး သစ်တောကဏ္ဍကို ပြန်လည်ပြင်ဆင်ခြင်းတွင် အထောက်အကူပေးမည်ဖြစ်သည်။

## သစ်တင်ပို့မှုများ

### တရားဝင်သစ်ကုန်သွယ်မှု

လက်ခံရရှိသည့်နိုင်ငံများမှ တရားဝင်သစ်စာရင်းအင်းများအရ ယခုအချိန်တွင် အိန္ဒိယနိုင်ငံသည် ပမာဏနှင့်အရေအတွက်အားဖြင့် (ပုံ ၁ အားကြည့်ရန်) မြန်မာနိုင်ငံ၏သစ်အတွက် အကြီးဆုံးဈေးကွက်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အပူပိုင်းသစ်တော ကာကွယ်ရေးအဖွဲ့ (ITTO) ၏ လစဉ်သတင်းအချက်အလက်ဝန်ဆောင်မှုများ (MIS) က အစီရင်ခံသည်မှာ မြန်မာနိုင်ငံမှ သမုဒ္ဒရာမှတဆင့်တင်ပို့သည့် ကျွန်းသစ်နှင့်သစ်မာအားလုံး၏ ၈၀% သည် အိန္ဒိယနိုင်ငံသို့ သွားသည်။ တရားဝင်စာရင်းအင်းများအရ ယခုအချိန်တွင် ထိုင်းနိုင်ငံနှင့် အထူးသဖြင့် တရုတ်နိုင်ငံထံသို့ မြန်မာနိုင်ငံမှသစ်များ ရေကြောင်းမှတင်ပို့ခြင်းသည် ကျဆင်းလျှက်ရှိသည်။ သို့သော် ၎င်းသည် မြန်မာနိုင်ငံ၏ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့်ထိစပ်နယ်မြေများရှိ တရားမဝင်နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအား ထည့်မတွက်ထားပါ။

ပုံ ၁။ နိုင်ငံအလိုက် မြန်မာ့သစ်တောထွက်ပစ္စည်းများ တင်ပို့မှု၊ ၂၀၀၀-၂၀၁၂ (အမေရိကန်ဒေါ်လာ ဘီလီယံပေါင်း)




*ဇာစ်မြစ် - ဥရောပသစ်တောရေးရာအဖွဲ့အစည်း၊ James Hewitt ၏စုဆောင်းမှု၊ ၂၀၁၃။*[၃]

[၃] အခြားဟုဖော်ပြမထားလျှင် ကုန်သွယ်မှုဆိုင်ရာစာရင်းအားလုံးသည် James Hewitt က ဥရောပသစ်တောရေးရာအဖွဲ့အစည်း (EFI) အတွက် စုဆောင်းပေးထားခြင်းဖြစ်သည်။ မြန်မာအစိုးရသည် အပြန်အလှန်ကုန်သွယ်မှုဆိုင်ရာစာရင်းများအား ထုတ်ပြန်ခြင်းမရှိပါ။ ထို့ကြောင့် မြန်မာနိုင်ငံ၏တင်ပို့မှုများအား အကဲဖြတ်ရန် တင်သွင်းသည့်နိုင်ငံများ၏ စာရင်းအင်းများကိုသာ အသုံးပြုသည်။ ကိုးကားသည့် ကုန်သွယ်မှုဆိုင်ရာစာရင်းအင်းများထဲတွင် ပါဝင်သည်မှာ - တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကောင်ခွန်အထွေထွေအုပ်ချုပ်ရေး၊

တရားဝင်ကုန်သွယ်မှုအချက်အလက်များတွင် မလေးရှားနိုင်ငံထံသို့ မြန်မာ့သစ်တင်ပို့မှု အရေးပါလောက်အောင် မတွေ့ရသော်လည်း မြန်မာနှင့်ထိုင်းကုန်သည်များအပြင် အခြားအရာရှိဟောင်းများနှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းပွဲများအရ မြန်မာ့သစ်ကုန်သွယ်မှုအတွက် မလေးရှားသည် အဓိကကျသည့်မဏ္ဍိုင်အဖြစ် ပါဝင်နေသည်။[၄] မြန်မာနိုင်ငံ၏ သဘာဝသစ်ပမာဏအများအပြား၊ အထူးသဖြင့် ကျွန်းသည် မလေးရှားနိုင်ငံမှထိုင်းနိုင်ငံထံနှင့် အခြားနိုင်ငံများထံပါ ဖြစ်နိုင်ခြေရှိကာ ထိုသစ်များအားလည်း မလေးရှားနိုင်ငံထံမှထွက်သည်ဟုပင် တံဆိပ်ပြန်လည်ပြင်ဆင်ပြီး တပ်ဆင်ထားနိုင်ဖွယ်ရှိသည်။

ယခင်အချိန်ကပြုလုပ်ခဲ့သည့် EU နှင့် US သစ်ပိတ်ဆို့အရေးယူမှုများ၏ သက်ရောက်မှုများအား ရောင်ပြန်ဟပ်ကာ အမေရိကန်ပြည်ထောင်စု (US) နှင့် ဥရောပသမဂ္ဂ (EU) တို့သည် မြန်မာနိုင်ငံ၏ သစ်တောထွက်ပစ္စည်းများအတွက် အရေးပါသည့် တိုက်ရိုက်တင်သွင်းသူများ မဟုတ်ပါ။ သို့သော် ဖြစ်နိုင်ခြေအလွန်များသည်မှာ မြန်မာသစ်များအား တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အချောထည်ပြုလုပ်ပြီး US နှင့် EU ဈေးကွက်များထံသို့ ပြန်လည်တင်ပို့နေသည်ပင်ဖြစ်သည်။ သို့သော် ၎င်းအချက်အလက်အား စနစ်တကျခြေရာခံရန် ခက်ခဲသည်။

US နှင့် EU တို့သည် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့အရေးမှုများအား ယာယီရုတ်သိမ်းပြီးနောက် သစ်ကုန်သွယ်မှုစီးဆင်းခြင်းသည် ၎င်းဈေးကွက်များတွင် ယှဉ်၍ပြောင်းလဲမှုများ ဖြစ်ပေါ်လာမည်ဟု မျှော်လင့်ရသည်။ သို့သော် ထိုဈေးကွက်အခွင့်အလမ်းသစ်များအပေါ် မြန်မာအစိုးရ၊ သစ်ကုန်သည်များနှင့် ဈေးကွက်က မည်ကဲ့သို့တုန့်ပြန်မည်ဆိုသည်ကို ပြောရန်စောသေးသည်။ အမေရိကန်ပြည်ထောင်စု၊ ဥရောပကော်မရှင် (EC) နှင့် ဩစတေးလျနိုင်ငံတို့အားလုံးသည် ၎င်းတို့၏ဈေးကွက်အတွင်းသို့ ဝင်ပြီး သစ်များ၏တရားဝင်မှုကို ပြသရန်လိုအပ်သည့် စည်းမျဉ်းဥပဒေသစ်များ ရှိကြသည်။ မြန်မာနိုင်ငံရှိ သစ်တောနှင့်ပတ်သက်သည့် အဖွဲ့အစည်းများအတွင်းတွင် ဥရောပကော်မရှင် (EC) နှင့် ဥရောပသစ်တောရေးရာအဖွဲ့အစည်း (EFI) တို့၏အားထုတ်မှုကြောင့် ၂၀၁၃ ခုနှစ် ဥရောပသမဂ္ဂသစ်ထုတ်လုပ်ရေးဥပဒေ (EUTR) အသစ်နှင့်အညီ မြန်မာ့သစ်သည် လိုက်နာနိုင်ကြောင်း ပြသရန်နှင့် အလားအလာရှိသည့် သစ်တောဥပဒေကြေပ်မတ်ခြင်း၊ အုပ်ချုပ်မှုနှင့်ကုန်သွယ်မှုဆိုင်ရာ သဘောအလျောက်လုပ်ဖော်ကိုင်ဘက် သဘောတူညီချက်များ (FLEGT VPA) တို့နှင့်ပတ်သက်ပြီး EC နှင့်မြန်မာအကြား ဆွေးနွေးမှုများပြုလုပ်ရန် အာရုံစိုက်လျှက်ရှိသည်။ အဆင့်မြင့် မြန်မာသစ်တောအရာရှိများနှင့် သစ်ကုန်သည်များထဲတွင် မြန်မာ့သစ်များ EU ဈေးကွက်အတွင်းသို့ တရားဝင် ဝင်နိုင်ရန်လိုအပ်သည့် ကြိုးပမ်းမှုများအားသုံးသပ်ရန် လိုလားမှုအများအပြားရှိသည်။

လက်ရှိအချိန်တွင် သစ်လုံးများ၊ အထူးသဖြင့် ကျွန်းသစ်နှင့် အနည်းအားဖြင့် ဖြတ်ထားသည့်သစ်များသည် သစ်တောထွက်ပစ္စည်းတင်ပို့မှု၏ အဓိကသစ်များဖြစ်သည်။ သစ်တောထွက်ပစ္စည်းများတင်ပို့မှုနှင့် သစ်လုံးတင်ပို့မှုများသည် ပမာဏအားဖြင့် ၂၀၀၅ ခုနှစ်တွင် ထိပ်ဆုံးအထိရောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် တင်ပို့မှုအားလုံး၏တန်ဖိုးမှာ ၂၀၀၅ ခုနှစ်ထက်များစွာပိုများပြီး အကြောင်းမှာ အစိုးရသည် မြန်မာ့သစ်၊ အထူးသဖြင့် ကျွန်းသစ်တို့၏ဈေးနှုန်းများအား မြှင့်တင်ခဲ့ခြင်းကြောင့်ဖြစ်သည်။[၅] တန်ဖိုးထပ်တိုးထားသည့် သစ်တောထွက်ပစ္စည်း အနည်းငယ်သာတင်ပို့ခဲ့ပြီး ၎င်းသည် လုပ်ငန်းအားမှန်ကန်စွာလုပ်နိုင်ရန် အခြေအနေမရှိသည့်အတွက် (လျှပ်စစ်ပုံမှန်မရရှိခြင်း၊ လိုအပ်သည့်ပါမစ်များရရှိရန်ခက်ခဲခြင်း အစရှိသည်တို့) ပြည်တွင်း သစ်အချောထည်ပြုလုပ်ခြင်း လုပ်ငန်းကျဆင်းလာခြင်းကို ရောင်ပြန်ဟပ်ပြီး ၎င်းနှင့်ယှဉ်လျှင် သစ်လုံးအကြမ်းများ တင်ပို့ရောင်းချခြင်း၏ အမြတ်ပိုမိုရရှိခြင်း တို့ကြောင့်

---


Eurostat (EU အဖွဲ့ဝင်နိုင်ငံများ၏ တင်သွင်းမှုများအတွက်)၊ ဂျပန်အကောက်ခွန် (ဂျပန်နိုင်ငံအတွက်)၊ ကိုရီးယားအကောက်ခွန် ဝန်ဆောင်မှု (တောင်ကိုရီးယားအတွက်)၊ Tradeline Philippines (ဖိလစ်ပိုင်နိုင်ငံအတွက်)၊ Directorate General of Customs (တိုင်ဝမ်နိုင်ငံအတွက်)၊ Customs Department of the Kingdom of Thailand (ထိုင်းနိုင်ငံအတွက်)၊ United States International Trade Commission Dataweb (USA အတွက်) နှင့် UN Comtrade တို့ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် တင်သွင်းသည့်ယူနစ်များနှင့် တင်ပို့မှုတန်ဖိုးမှလွဲ၍ အပြန်အလှန်ကုန်သွယ်မှုနှင့်ပတ်သက်ပြီး မထုတ်ပြန်ဖို့ ဆုံးဖြတ်ထားသည်။ ထို့ကြောင့် ပမာဏနှင့်အလေးချိန်တို့အား ခန့်မှန်း၍သာ ရမည်ဖြစ်သည်။ လာအိုနိုင်ငံကမူ ကုန်သွယ်မှုဆိုင်ရာစာရင်းများအား မထုတ်ပြန်ရန်ဆုံးဖြတ်ထားသည်။ ၎င်း၏မြန်မာနှင့်ပြုလုပ်သည့် သစ်အခြေခံသောကုန်ပစ္စည်းများကုန်သွယ်မှုသည် သုညပင်ဖြစ်မည်။ ထိုနှစ်များအတွင်း (ဥပမာ - ဘင်္ဂလားဒေ့ရှ်၊ ၂၀၀၈-၂၀၁၂ နှင့် ဗီယက်နမ်၊ ၂၀၁၂)နိုင်ငံအချို့ကတင်သွင်းသည့် အချက်အလက်များကို ယခုအချိန်အထိ ထုတ်ပြန်ခြင်းမရှိသေးပါ။

[၄] Woods, K နှင့် K. Canby ၊ ၂၀၁၁။

[၅] Woods, K. နှင့် K. Canby၊ ၂၀၁၁။

ဖြစ်သည်။ စတင်ပြီးသစ်လုံးတင်ပို့မှုအား ဧပြီလ ၂၀၁၄ ခုနှစ်[၆] တွင် စတင်ပြီးတားမြစ်တော့မည်နှင့်အညီ အများက တွေးတောနေသည်မှာ အခြေခံကျသည့်သစ်လုံးများ အချောထည်ပြုလုပ်ခြင်းအဆင့်မှာပင် တောင်းဆိုမှု များအား တုန့်ပြန်ဖြည့် ဆည်းပေးနိုင်ခြေရှိမည်လား ဆိုတာကိုပင်ဖြစ်သည်။

ပုံ ၂။ မြန်မာ့သစ်တောထွက်ပစ္စည်းများ တင်ပို့မှုပမာဏ (ကုဗမီတာ RWE မီလီယံပေါင်း)




*ဇာစ်မြစ် - ဥရောပသစ်တောရေးရာအဖွဲ့အစည်း၊ James Hewitt ၏စုဆောင်းမှု၊ ၂၀၁၃ (Footnote ၃ အားကြည့်ရန်)။*

## တင်ပို့မှုအချက်အလက်များနှင့် တင်ပို့မှုများ၏တရားဝင်မှု

၁၉၉၀ ခုနှစ်များတွင် ထိုင်းနိုင်ငံ၏ "စစ်မြေပြင်များအား ဈေးကွက်နေရာများအဖြစ် ပြောင်းလဲခြင်း" ပြီးနောက် မြန်မာ-ထိုင်းနယ်စပ် (အများဆုံးမှာ ကရင်ပြည်နယ်တွင်ရှိသည်) သည် ထိုင်းလုပ်ငန်းများပါဝင်သည့် တရားမဝင် သစ်ထုတ်လုပ်မှုနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတို့၏ အဖြစ်အများဆုံးနေရာ ဖြစ်လာသည်။ ၁၉၉၀ ခုနှစ်များ နှောင်းပိုင်းမှစပြီး ၂၀၀၀ ခုနှစ်များအလယ်ပိုင်းအထိ အဓိက ကချင်လက်နက်ကိုင်အဖွဲ့အစည်းနှင့် အပစ်အခတ်ရပ် စဲရေးပြုလုပ်ပြီးနောက် နိုင်ငံတော်မပါဝင်သည့် သစ်ခုတ်လှဲခြင်းနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတို့သည် ကချင် ပြည်နယ်ရှိ မြန်မာ-တရုတ်နယ်စပ်သို့ ရွှေ့ပြောင်းသွားသည်။[၇] ၂၀၀၀ ခုနှစ်များအလယ်ပိုင်းမှစ၍ သစ်ထုတ်လုပ်ခြင်း သည် စစ်တပ်-အစိုးရ၏လမ်းကြောင်းများနှင့် လိုလားသည့်ပုဂ္ဂလိကစီးပွားရေးသမားများ (မြန်မာများက "ခရိုနီ ကုမ္ပဏီများ" အဖြစ်သိထားသော) ထံသို့ ပိုမိုရောက်ရှိသွားပြီး ထိုမှတဆင့် ရန်ကုန်ဆိပ်ကမ်းများမှ တရားဝင်သင်္ဘော များဖြင့် တင်ပို့သည်။[၈]

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF) အောက်ရှိ နိုင်ငံတော်ပိုင်ဖြစ်သည့် မြန်မာ့ သစ်လုပ်ငန်း (MTE) အမှတ်တံဆိပ်ပါသည့် သစ်အားလုံးအား တရားဝင်အဖြစ်သတ်မှတ်ပြီး ရန်ကုန်ဆိပ်ကမ်းများမှ တင်ပို့သည်။ သစ်ကုန်သွယ်စီးဆင်းမှုအား ရန်ကုန်မှသွားရန် အစိုးရ၏လိုအပ်ချက်သည် သစ်မှရရှိသောဝင်ငွေများ၊ နိုင်ငံတော်နှင့်မပတ်သက်သည့် လက်နက်ကိုင်အဖွဲ့အစည်းများအခြေပြုပြီး နိုင်ငံတော်ကထိန်းကွပ်မှု အနည်းငယ်သာ သို့မဟုတ် လုံးဝမရှိသည့် ထိစပ်နယ်ဒေသများထံသို့ မရောက်ရှိ ရန်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မှတဆင့်တင်ပို့

[၆] Eleven News၊ ၂၀၁၂။ သစ်တောအရာရှိများနှင့်တွေ့ဆုံမေးမြန်းပွဲ ပြုလုပ်ခြင်း၊ ရန်ကုန်နှင့်နေပြည်တော်၊ အောက်တိုဘာ ၂၀၁၂ နှင့် ဇူလိုင် ၂၀၁၃။

[၇] Global Witness၊ ၂၀၀၅။ Woods၊ ၂၀၁၁။

[၈] Milieu Defensie၊ ၂၀၀၉။

သည့် သစ်ပမာဏပိုမိုများပြားလာပြီး သစ်မှရရှိသည့်ဝင်ငွေများအား ရယူနိုင်ခဲ့သော်လည်း သစ်များသည် စစ်တပ်ထိန်းချုပ်ထားသောနယ်မြေများနှင့် နိုင်ငံတော်နှင့်မပတ်သက်သည့် လက်နက်ကိုင်အဖွဲ့အစည်းများမှ တရားမဝင်နယ်စပ်ဖြတ်ကျော်ပြီး တင်ပို့လျှက်ရှိသည်။ လွန်ခဲ့သော ၅ နှစ်အတွင်းတွင် ယခင်ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်များ အားဖြတ်ကျော်ပြီး ခိုးထုတ်ခဲ့သောကြောင့် ဆုံးရှုံးခဲ့သော သစ်မှရရှိသည့်ဝင်ငွေများအား ထိန်းချုပ်နိုင်ခြင်းကို ပိုမို ဆောင်ရွက်နိုင်ခဲ့သည်။

လွန်ခဲ့သောနှစ်များအတွင်းတွင် တရားမဝင်မြန်မာသစ်တင်ပို့မှု၊ အထူးသဖြင့် တရုတ်နယ်စပ်အားဖြတ်ကျော်သည့်တင်ပို့မှု၏ အတိုင်းအတာနှင့်ပတ်သက်ပြီး ထင်ကြေးများစွာရှိသည်။ တရားမဝင်သစ်ထုတ်လုပ်ခြင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကုန်သွယ်မှုပြဿနာအပေါ် အစိုးရ၏တရားဝင်အသိအမှတ်ပြုခြင်းသည် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့ကဲ့သို့သော ကုန်းလမ်းနယ်စပ်ဒေသများတွင် ဖြစ်ပွားသည့် ခိုးထုတ်ခြင်းလုပ်ငန်းများအား ရည်ညွှန်းသည်။

၂၀၀၆ ခုနှစ်အလယ်ပိုင်းတွင် နိုင်ငံတကာရှိအရှက်ရမှုများစွာရရှိပြီး ပြည်တွင်းဖိအားများကြောင့် တရုတ်နှင့်မြန်မာအစိုးရတို့သည် ထိုအချိန်တွင် ခန့်မှန်းခြေအားဖြင့် ကုဗမီတာ ၁ သန်းခန့်ရှိသည့်[၉] နယ်စပ်ဖြတ်ကျော်သစ်ကုန်သွယ်မှုအား နှိပ်ကွပ်အရေးယူရန် အပြန်အလှန်သဘောတူညီချက် ပြုလုပ်ခဲ့သည်။ [၁၀] ထိုအရေးယူမှုများနောက်ပိုင်းတွင် တရားမဝင် နယ်စပ်ဖြတ်ကျော်သစ်ကုန်သွယ်မှုသည် သိသာစွာကျဆင်းသွားသော်လည်း ၎င်းကုန်သွယ်မှုသည် ယခင်လောက်အထိ မများပြားသော်လည်း အရှိန်ပြန်လည်မြင့်တက်လာသည်။ နယ်စပ်ဖြတ်ကျော်သစ်တင်ပို့မှုအား ရွေးချယ်ပြီး တားမြစ်မှုများပြုလုပ်ချိန်မှစပြီး မှတ်တမ်းများအရ တရုတ်နိုင်ငံအတွင်းသို့ဝင်သည့် မြန်မာသစ်ပမာဏသည် ဆက်လက်၍ကျဆင်းလာပြီး အိန္ဒိယနိုင်ငံထံသို့သွားသည့် သစ်ပမာဏကတော့ တဖြည်းဖြည်းဖြင့် ပိုမိုများပြားလာသည်။

တင်သွင်းသည့်နိုင်ငံ၏ တရားဝင်စာရင်းအင်းကိန်းဂဏန်းများအရ မြန်မာနိုင်ငံ၏ သစ်အဓိကတရားဝင်တင်ပို့သူအဖြစ် အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံအားအစားထိုးခဲ့သော်လည်း ၎င်းသည် တရုတ်နိုင်ငံ (အိန္ဒိယနိုင်ငံလည်းပါဝင်) အတွင်းသို့ နယ်စပ်ဖြတ်ကျော်သည့် တရားမဝင်ယိုစိမ့်မှုများအား ထည့်မတွက်ထားပါ။ ဧပြီလ ၂၀၁၃ ခုနှစ်တွင် Forest Trends က တရုတ်-မြန်မာနယ်စပ်သို့ သွားရောက်ပြီးကွင်းဆင်းလေ့လာစဉ်က အလွန်ကြီးမားသည့် သက်ရင့်သစ်မာသစ်လုံးကြီးများ တင်ဆောင်ထားသည့် တရုတ်သစ်ကားကြီးများ မြန်မာနယ်စပ်မှဖြတ်ကျော်သွားသည်ကို တွေ့ခဲ့ရသည်။ Forest Trends ကယုံကြည်သည်မှာ ဤဖြစ်ရပ်သည် သစ်ထုတ်သူများနှင့်ကုန်သည်များက ကချင်လွတ်လပ်ရေးတပ်မတော် (KIA ၊ ၎င်းဒေသရှိ အဓိကနိုင်ငံတော်နှင့်မပတ်သက်သည့် လက်နက်ကိုင်အဖွဲ့အစည်း) နှင့် မြန်မာစစ်တပ်တို့အကြား အပစ်အခတ်လျော့ပါးလာခြင်းအား မုတ်သုံမိုးများမလာမီ အခွင့်အရေးယူခြင်းဖြစ်ပြီး မျှော်လင့်ထားသည့် ဧပြီလ ၂၀၁၄ ခုနှစ်တွင်ပြုလုပ်မည့် သစ်လုံးတင်ပို့မှုတားမြစ်ခြင်းအကြိုတွင် ပြုလုပ်ခြင်းဖြစ်သည်။

## ရေရှည်တည်တံ့ခိုင်မြဲမှု၊ ဒေသခံများ၏ မြေသုံးပိုင်ခွင့်များနှင့် ကျင့်ဝတ်ဆိုင်ရာဇာစ်မြစ် ရှာဖွေခြင်း

မြန်မာနိုင်ငံမှသစ်များ၏ အရင်းအမြစ်ရှာဖွေခြင်းနှင့်ပတ်သက်သည့် အရေးကြီးသောအချက်များအား အတည်ပြုရန်အသုံးချသည့် အခြားနည်းလမ်းများနှင့်စံနှုန်းများလည်းရှိပြီး၊ အထူးသဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ဒေသခံများ၏ မြေသုံးစွဲပိုင်ခွင့်စနစ်များဖြစ်သည်။ ဥပမာအားဖြင့် မတူညီသည့်သစ်အရင်းအမြစ်များတွင် မတူညီသည့်ရေရှည်တည်တံ့ခိုင်မြဲမှု အတိုင်းအတာများရှိသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောနှင့် သစ်ပင်စိုက်ခင်းများတွင် အလားအလာအလွန်ကောင်းသည့် ရေရှည်တည်တံ့ခိုင်မြဲမှု အလားအလာများရှိသည်။ နိုင်ငံတော်ကစီမံအုပ်ချုပ်သည့်သစ်တောများသည်လည်း အသိအမှတ်ပြုခံထားရသည့် မြန်မာ့ရွေးချယ်မှုစနစ် (MSS) နှင့်အညီ မှန်ကန်စွာပြုလုပ်လျှင်လည်း အလားအလာများနိုင်သည်။ သို့သော် သဘာဝသစ်တောများတွင်ပြုလုပ်သည့် သစ်ခုတ်လှဲခွင့်လိုက်လျှောမှု

[၉] Global Witness၊ ၂၀၀၅။

[၁၀] "မြန်မာနှင့်ယူနန်ပြည်နယ်အကြား သစ်များနှင့်တွင်းထွက်ပစ္စည်းများ စီမံအုပ်ချုပ်ရန်ပြုလုပ်သည့် ကြားဖြတ်ဆောင်ရွက်မှုများ"။ ယူနန်ပြည်နယ်၏ ပြည်သူ့အစိုးရက မေလ ၁၁၊ ၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်သည်။ မူဝါဒကိုးကားချက်နံပါတ် - မူဝါဒရုံး၊ ယူနန် [၂၀၀၆] ၉၁။ Xinhua ၂၀၀၆ တွင်လည်း ကြည့်နိုင်သည်။

များသည် ညံ့ဖျင်းသည့်အလေ့အထများနှင့် စီမံအုပ်ချုပ်မှုစံနှုန်းများကြောင့် ရေရှည်တည်တံ့ခိုင်မြဲမှု နည်းပါးနိုင်ခြေရှိသည်။ သစ်တောအသွင်ပြောင်းသုံးစွဲမှုများသည် သစ်တောဂေဟနစ်ဝန်ဆောင်မှုများနှင့် ထုတ်ကုန်များအတွက် ရေရှည်တည်တံ့ခိုင်မြဲမှုနည်းပါးနိုင်ပြီး အကြောင်းမှာ မြေအား သစ်တောနှင့်မပတ်သက်သည့် အသုံးချမှုအသွင်သို့ပြောင်းသုံးခြင်းကြောင့်ဖြစ်သည်။ ထိုမတူညီသည့် ရေရှည်တည်တံ့ခိုင်မြဲမှုအတိုင်းအတာအမျိုးမျိုး - အမြင့်ဆုံးမှလုံးဝမရှိသည်အထိ - တို့အား MTE ပါမစ်များအပေါ်မူတည်၍ တရားဝင် သို့မဟုတ် တရားမဝင်အဖြစ် သတ်မှတ်နိုင်သည်။ ဥပမာ - ရေရှည်တည်တံ့ခိုင်မြဲမှုအလားအလာ အများဆုံးရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများမှ သစ်များအား တရားဝင်တင်ပို့ခွင့်မရှိ၍ သစ်စိုက်ခင်းများမှသစ်များလည်း ဈေးကွက်ထဲတွင် အနည်းငယ်သာရှိသေးသည်။ ၎င်းကြောင့် တရားဝင်မှုတစ်ခုတည်းကို အသုံးပြု၍ ကောင်းသောသစ်တောအုပ်ချုပ်မှုနှင့် သစ်စည်းမျဉ်းဥပဒေ ရေးဆွဲခြင်းတို့အပေါ် လေးနက်သည့်စိုးရိမ်မှုများ ပေါ်ပေါက်စေသည်။


ဒေသခံပြည်သူလူထုသည် သစ်တောမြေများတွင် မြေသုံးစွဲပိုင်ခွင့် အနည်းငယ်သာရှိသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတွင်သာ ဒေသခံပြည်သူလူထုအား မြေသုံးစွဲပိုင်ခွင့်ပေးထားပြီး ဒေသခံသစ်တောဌာနနှင့်အတူ တွဲလုပ်သွားရမည်ဖြစ်သည်။ ယခုသုံးသပ်ထားသည့် သစ်တောအမျိုးအစားအားလုံးဖြစ်သည့် သစ်စိုက်ခင်းများ၊ နိုင်ငံတော်က စီမံအုပ်ချုပ်သည့်သစ်တောများ၊ သစ်ခုတ်လှဲခွင့်လိုက်လျော့မှုများနှင့် စိုက်ပျိုးရေး-သစ်တောအသွင်းပြောင်းသုံစွဲမှုအားလုံးတို့တွင် ဒေသခံပြည်သူလူထုသည် မြန်မာနိုင်ငံ၏ ဥပဒေများနှင့်မူဝါဒများအရ မည်သည့်မြေနှင့်အရင်းအမြစ်မှ သုံးစွဲပိုင်ခွင့်မရှိပါ။

သစ်တောနယ်မြေများ၊ အထူးသဖြင့် သစ်ခုတ်လှဲခွင့်လိုက်လျော့မှုများသည် အစဉ်အလာအရ ဒေသခံပြည်သူအစုအဖွဲ့များကထိန်းချုပ်ပြီး ဩဇာအာဏာရှိသောမြေများပေါ်တွင် ပြုလုပ်ခြင်းဖြစ်သည်။ ယခင်နှင့်ယခု လက်ရှိဖြစ်ပွားနေသော မြေပဋိပက္ခများသည် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲနေသည့်အစိုးရ လက်ရှိရင်ဆိုင်နေရသော အဓိကအချက်များထဲမှ တစ်ချက်ဖြစ်သည်။[၁၁] ဒေသခံမြေရပိုင်ခွင့်စနစ်များ၏ ကောင်းသောအုပ်ချုပ်မှုအား မြှင့်တင်ရာတွင် အရေးပါမှုအားပိုမိုရှင်းပြနိုင်ရန် နောင်တွင်ထုတ်မည့် မူဝါဒရှင်းလင်းချက်များတွင် သစ်တောမြေအမျိုးအစားခွဲများအတွက် ဒေသခံမြေရပိုင်ခွင့်စနစ်များနှင့်ပတ်သက်ပြီး Forest Trends က လေ့လာသွားမည်ဖြစ်သည်။

ဦးတည်ချက်သည် ကောင်းသောသစ်တောအုပ်ချုပ်မှုနှင့် လုပ်ထုံးများရရှိရန်ဖြစ်ပါက ရေရှည်တည်တံ့ခိုင်မြဲမှုအညွှန်းများနှင့် ဒေသခံမြေသုံးပိုင်ခွင့်စနစ်များအား မှီခိုအားကိုးခြင်းသည် တရားဝင်မှုနည်းလမ်းတစ်ခုတည်းကို အလွန်အကျွံ အားကိုးနေခြင်းပြဿနာကို ဖော်ပြသည်။ နိုင်ငံတကာသစ်တောထိန်းသိမ်းရေး အဖွဲ့အစည်းများနှင့် သဘောတူညီချက်များသည် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာအား ရိုသေရမည်ဖြစ်သောကြောင့် သစ်တရားဝင်မှုတိုင်းတာရာတွင် မြန်မာနိုင်ငံ၏အမျိုးသား သစ်တောဥပဒေများနှင့် မူဝါဒများအား လိုက်နာရမည်ဖြစ်သည်။ သို့သော် ၎င်းအချက်သည် ယခုတိုင်းပြည်တွင်ရှိသည့် လက်ရှိဥပဒေစည်းမျဉ်းများ၏ အခြေအနေနှင့် ခိုင်မာသည့်ဥပဒေစိုးမိုးမှု မရှိခြင်း စသည့်အချက်များ ပေါ်ထွက်လာစေသည်။

[၁၁] ဥပမာအနေနှင့်ကြည့်ရန် - TNI၊ ၂၀၁၃၊ ထိတွေ့ခွင့်မပြု - မြန်မာနိုင်ငံရှိ မြေပိုင်ဆိုင်မှုများနှင့်တိုင်းရင်းသားလူမျိုးစု ပဋိပက္ခ။ မူဝါဒရှင်းလင်းချက် နံပါတ် ၁၁၊ မေလ။

မြေပုံ ၁။ မြန်မာနိုင်ငံရှိ သစ်ခုတ်လှဲသည့်နေရာများနှင့် သစ်စီးဆင်းမှု




ဤမြေပုံသည် တိုင်းရင်းသားပဋိပက္ခဖြစ်ပွားနေသောထိစပ်နယ်မြေများရှိ သဘာဝသစ်တောများနှင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ အများအားဖြင့် နိုင်ငံတော်ကစီမံအုပ်ချုပ်သော ကျွန်းသစ်တောများအားနှိုင်းယှဉ်၍ သစ်ခုတ်လှဲမှုများပြုလုပ်နေသည့်နေရာများအား ပြသသည့်အပြင် ကုန်းလမ်းဖြင့်တရားမဝင်သစ်ကုန်သွယ်မှုနှင့် ရန်ကုန်မှတဆင့် တရားဝင်သစ်တင်ပို့ခြင်းတို့အားလည်း ယှဉ်၍ပြထားသည်။

## သစ်အရင်းအမြစ်ရှာဖွေခြင်း

သဘာဝသစ်တောဧရိယာများမှရရှိသော အသွင်ပြောင်းသုံးစွဲသည့်သစ်များသည် မြန်မာနိုင်ငံတွင် အကြီးဆုံးတစ်ခုတည်းသော သစ်အရင်းအမြစ်ဖြစ်နိုင်ခြေရှိသည်။ မြန်မာနိုင်ငံအားနာမည်ကြီးစေသည့် အဆင့်မြင့်ကျွန်းသစ်လုံးအများစုမှာ အစိုးရကစီမံကွပ်ကဲသည့်သစ်တောများတွင် ခုတ်လှဲသည်ဖြစ်သော်လည်း ထုတ်လုပ်သည့်အရေအတွက်၊ အရွယ်အစားနှင့်အရည်အသွေးတို့သည် ယခုနှစ်များအတွင်းတွင် အလွန်အကျွံခုတ်လှဲခြင်းကြောင့် ကျဆင်းလျှက်ရှိသည်။ အစိုးရမှရရှိသောအချက်အလက်များ မလုံလောက်မှုနှင့် မဆီလျော်မှုတို့ကြောင့် သစ်ဇာစ်မြစ်တစ်ခုချင်း၏ အရေးကြီးမှုသည် မရှင်းလင်းဘဲဖြစ်နေသည်။ အစိုးရသည် တင်ပို့ရန်ရည်ရွယ်ထားသည့် စီးပွားဖြစ်သစ်များ၏ဇာစ်မြစ်မျိုးစုံအား ခွဲခြားခြင်းမရှိပါ (သဘာဝ၊ စိုက်ခင်း၊ စီမံအုပ်ချုပ်ထားသည့်သစ်တောများ)။ ၎င်းအချက်သည် မြန်မာသစ်များ ဥရောပနှင့်မြောက်အမေရိက တရားဝင်သစ်ဈေးကွက်များထံသို့ဝင်ရန် အတားအဆီးတစ်ခုဖြစ်နေကာ ကိုင်တွယ်ရန်လိုအပ်သည်ဖြစ်သည်။[၁၂]

မြန်မာ့သစ်၏ဇာစ်မြစ်အား အောက်ဖော်ပြပါကုန်စီးဆင်းသည့် လမ်းကြောင်း (၅) မျိုးထံမှ ရှာဖွေနိုင်သည် -

၁။ ***နိုင်ငံတော်ကစီမံအုပ်ချုပ်သည့် (မြန်မာ့သစ်လုပ်ငန်း) သစ်တောများ*** - စနစ်တကျသစ်ထုတ်လုပ်ရန်အတွက် ပစ်မှတ်ထားသည့် မြန်မာ့သစ်လုပ်ငန်း (MTE) အောက်ရှိ အစိုးရကစီမံအုပ်ချုပ်သည့် သစ်တောများ၏အများစုမှာ ဗမာအများစုကြီးစိုးသည့် မြေပြန့်ဒေသများတွင် တည်ရှိသည်။[၁၃] ဗဟိုအစိုးရ (နှင့် ယခင်ကိုလိုနီအစိုးရ) တို့သည် ထိုနေရာများအား ကာလကြာမြင့်စွာထိန်းချုပ်ခဲ့သည်။ ထိုသစ်တောများသည် မူအားဖြင့် အများကယုံကြည်စိတ်ချသည့် မြန်မာ့ရွေးချယ်မှုစနစ် (MSS) နှင့် ၎င်း၏တွက်ချက်ထားသော နှစ်စဉ်ထုတ်လုပ်မှု လျာထားချက် (AAC) ဖြင့် စီမံအုပ်ချုပ်သည်ဆိုသော်လည်း အစိုးရကဝန်ခံသည်မှာ နိုင်ငံရေးနှင့်ဘဏ္ဍာရေးဖိအားများကြောင့် MSS အား လက်တွေ့တွင် လိုက်နာခြင်းမရှိသည်မှာ ဆယ်စုနှစ်ပေါင်းများစွာပင် ရှိခဲ့ပြီးဖြစ်သည်။ EUTR သို့မဟုတ် US Lacey Act တို့အား လိုက်နာနိုင်ကြောင်းပြသနိုင်သည့် နိုင်ငံတကာ သို့မဟုတ် နိုင်ငံအတွင်း အသိအမှတ်ပြုခံရသောစံနှုန်းအောက်တွင် မြန်မာသစ်အား အတည်ပြုထောက်ခံခြင်းကို ရလိုသူများ၏အာရုံစိုက်ခြင်းကို ၎င်းနိုင်ငံတော်ကစီမံအုပ်ချုပ်သည့်သစ်တောများက ရရှိမည် ဖြစ်သည်။

ထိုစီမံအုပ်ချုပ်နေသည့်သစ်တောများထဲတွင် ပါဝင်သည်မှာ ရန်ကုန်တိုင်းဒေသကြီးမြောက်ဘက်မှ မြောက်ဘက်ပိုင်းရှိ ဗဟိုခြောက်သွေ့သည့်ဇုန်များအထိရောက်ရှိပြီး ရခိုင်ပြည်နယ်၏တစ်စိတ်တစ်ပိုင်းအချို့၊ အစိုးရထိန်းချုပ်မှုအောက်တွင်ရှိသည့် ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် အဓိကပါဝင်သည့် ဗဟိုခြောက်သွေ့ဇုန်၏မြောက်ပိုင်းတို့ ပါဝင်သည်။

၂။ ***သဘာဝသစ်တောများ - သစ်ထုတ်လုပ်ခြင်းလိုက်လျောမှုများ (အဓိကအားဖြင့်တိုင်းရင်းသားပဋိပက္ခဒေသများတွင်)*** - မြန်မာအစိုးရ (MTE) သည် များသောအားဖြင့် သစ်ခုတ်လှဲခွင့်လိုက်လျောမှုများအား နိုင်ငံတော်ထိန်းချုပ်မှုအောက်မရှိသည့်ဒေသများ (ဥပမာ - တိုင်းရင်းသားထိစပ်နယ်မြေများ) ရှိ သဘာဝသစ်တောများတွင် စီမံချုပ်မှု ပြုလုပ်လေ့မရှိသောကြောင့် ထိုနေရာများမှသစ်ထုတ်လုပ်မှုများသည် MTE ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်ထားခြင်းမဟုတ်ပါ (ဆိုလိုသည်မှာ “တရားမဝင်”)။ ထိုဗဟိုအစိုးရထိန်းချုပ်မှုအောက်တွင်မရှိသည့် နေရာများသည် နိုင်ငံတော်နှင့်မပတ်သက်သည့်၊ သစ်တောမြေများအား သစ်ထုတ်လုပ်မှုမှရရှိသည့် ဝင်ငွေ များအတွက်နှင့် တခါတရံ ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက်အသုံးချသည့်

[၁၂] Woods, K. နှင့် K. Canby၊ ၂၀၁၁။

[၁၃] ဗမာဆိုသည်မှာ နိုင်ငံတွင်အရေအတွက်အများဆုံး လူမျိုးစုဖြစ်ပြီး အစိုးရနှင့်စစ်တပ်နေရာအများစုကို ကြီးစိုးထားသူများဖြစ်သည်။ နိုင်ငံ၏တိုင်းရင်းသားလူမျိုးစုများမှာ - ကချင်၊ ရှမ်း၊ ကရင်၊ ကရင်နီ (ကယား)၊ မွန်၊ ရခိုင်၊ ချင်းနှင့်အခြား မြန်မာနိုင်ငံအတွင်းနေထိုင်သည့်လူမျိုးစုကွဲ တစ်ရာကျော်တို့ပါဝင်သည်။

လက်နက်ကိုင်အုပ်စုများ လွှမ်းမိုးမှုအောက်ရှိနေရာများတွင် ကျရောက်သည်။[၁၄] အစိုးရနှင့် အစိုးရ ထိန်းချုပ်မှု အောက်မရှိသည့် တိုင်းရင်းသားဒေသများတွင်ပြုလုပ်သည့် သစ်ထုတ်လုပ်ခြင်းလိုက်လျောပေးမှု အများစုအား ဒေသတွင်းအခွင့်ထူးခံရရှိသူများထံ ပေးအပ်ပြီး ၎င်းတို့ထဲတွင် ဒေသတွင်းရှိ မြန်မာစစ်တပ်နှင့် အစိုးရအရာရှိများအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ (များသောအားဖြင့် နိုင်ငံတော်နှင့် မပတ်သက်သည့် လက်နက်ကိုင်အုပ်စုများနှင့် ခိုင်မာသည့် ဆက်စပ်မှုရှိသူများ) တို့ပါဝင်သည်။ ထိုမှတဆင့် ၎င်းသစ်အများစုမှာ တရားမဝင်နယ်စပ်ဖြတ် ကျော်၍တင်ပို့ပြီး ဤကိစ္စတွင် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့ထံဖြစ်သည်။

မြန်မာဗဟိုအစိုးရ နှင့်/သို့မဟုတ် စစ်တပ်သည် တိုင်းရင်းသားနယ်မြေများရှိ သဘာဝသစ်တောများအတွင်း သစ်ခုတ်လှဲခြင်းလိုက်လျောမှုများကို ၎င်းတို့နှစ်သက်သည့် "ခရိုနီ"ကုမ္ပဏီများ၊ အထူးသဖြင့် ထိုဒေသများတွင်ဆောင်ရွက်နေသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုစီမံကိန်းများ (ဥပမာ - ရေကာတာများ၊ လမ်းများ အစရှိသည့်) နှင့်ပတ်သက်သူတို့အား ပိုမိုတိုး၍ချပေးလာသည် (အောက်တွင်ကြည့်ပါ)။ ၎င်းသစ်များအား နယ်စပ်မှဖြတ်ကျော်၍တင်ပို့နိုင်ပြီး (အထက်အရာရှိများထံမှ ခွင့်ပြုချက်ရလျှင် တရားဝင်ပြုလုပ်နိုင်ခြေရှိသည်) သို့မဟုတ် ရန်ကုန်မှတဆင့်ရေကြောင်းဖြင့် တရားဝင်တင်ပို့နိုင်သည်။

ဇယား ၁။ မြန်မာနိုင်ငံရှိ သဘာဝသစ်တောများအတွင်း သစ်ထုတ်လုပ်မှုများ - သစ်ခုတ်လှဲခြင်း လိုက်လျောမှုနှင့် မြေအသွင်ပြောင်းအသုံးချမှုတို့၏ ကွာခြားချက်များ

| | သစ်ခုတ်လှဲခြင်းလိုက်လျောမှုများ | မြေအသွင်ပြောင်းအသုံးချမှု ("သစ်အသွင်ပြောင်းအသုံးချမှု") |
|---|---|---|
| **ပထဝီတည်နေရာ** | • အများစုသည် တိုင်းရင်းသား ပဋိပက္ခနယ်မြေများတွင်ရှိ | • အများစုသည် တိုင်းရင်းသား ပဋိပက္ခနယ်မြေများတွင်ရှိ၊ သို့သော် တိုင်းရင်းသား မဟုတ်သည့် တိုင်းများ (ဥပမာ - စစ်ကိုင်းတိုင်း ဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီး)။ |
| **ပါဝင်သူ - (ထုတ်ပေးသူ၊ အခွန်ကောက်သူ )** | • အမျိုးသားနှင့်ဒေသတွင်း မြန်မာစစ်တပ်<br>• MTE<br>• ပြည်သူ့စစ်များ<br>• နိုင်ငံတော်နှင့်မပတ်သက်သည့် လက်နက်ကိုင်အုပ်စုများ | • အမျိုးသားနှင့်ဒေသတွင်း မြန်မာစစ်တပ်<br>• လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန<br>• MTE<br>• အမျိုးသားဗမာစစ်တပ်<br>• ပြည်သူ့စစ်များ<br>• နိုင်ငံတော်နှင့်မပတ်သက်သည့် လက်နက်ကိုင် အုပ်စုများ |
| **ထုတ်လုပ်ခြင်း + ကုန်သွယ်ခြင်း** | • "ခရိုနီ"ကုမ္ပဏီများ<br>• ပြည်တွင်းနိုင်ငံရေးဆိုင်ရာ စီးပွားရေး အထူးအခွင့်အရေးခံ အုပ်စုများ<br>• ပြည်သူ့စစ်များ<br>• နိုင်ငံတော်နှင့်မပတ်သက်သည့် လက်နက်ကိုင်အုပ်စုများ | • "ခရိုနီ"ကုမ္ပဏီများ<br>• ပြည်တွင်းနိုင်ငံရေးဆိုင်ရာ စီးပွားရေး အထူးအခွင့်အရေးခံ အုပ်စုများ<br>• ပြည်သူ့စစ်များ<br>• နိုင်ငံတော်နှင့်မပတ်သက်သည့် လက်နက်ကိုင် အုပ်စုများ |

[၁၄] ဥပမာအနေနှင့် KESAN ၂၀၀၈ အားကြည့်ရန်။

| | | |
|---|---|---|
| | • နယ်စပ်ဖြတ်ကျော်ကုမ္ပဏီများ (တိုင်းရင်းသားထိစပ်နယ်မြေများရှိ) | |
| **တရားဝင်မှု** | • တရားဝင်-MTE ပါမစ်များရှိ<br>• သစ်များနယ်စပ်ဖြတ်ကျော်၍ သယ်ယူ ခြင်းသည် တရားမဝင်ပါ (အထူးအခွင့်အရေးပေးထားသည့် အခါမှလွဲ၍) | • တရားဝင်-MTE ပါမစ်များရှိ သစ်များနယ်စပ်ဖြတ်ကျော်၍ သယ်ယူခြင်းသည် တရားမဝင်ပါ (အထူးအခွင့်အရေးပေး ထားသည့်အခါမှလွဲ၍) |
| **ရေရှည်တည်တံ့ခိုင်မြဲမှု** | • တန်ဖိုးရှိသည့်သစ်မာများအတွက် အပြတ် သို့မဟုတ် ရွေးချယ်၍သစ် ထုတ်လုပ်ခြင်း<br>• စီမံအုပ်ချုပ်မှုအစီအစဉ်မရှိ သို့မဟုတ် ပြန်လည်စိုက်ပျိုးခြင်းမရှိ | • အပြတ်နှင့်/သို့မဟုတ် မီးရှို့ |
| **ဒေသခံများ၏မြေသုံးပိုင်ခွင့်များ** | • အစဉ်အလာအရ မြေသုံးစွဲပိုင် ခွင့်များအား အသိအမှတ်မပြု<br>• နိုင်ငံတော်ကခွင့်ပြုထားသည့် ဒေသခံ ပြည်သူအစုအဖွဲ့တို့၏ သစ်တောသုံးပိုင်ခွင့်များအား မကြာခဏအသိအမှတ်မပြု | • အစဉ်အလာအရ မြေသုံးစွဲပိုင် ခွင့်များနှင့် တခါတရံ ဥပဒေပြု ထားသည့် မြေသုံးပိုင်ခွင့်များ အား အသိအမှတ်မပြု<br>• နိုင်ငံတော်ကခွင့်ပြုထားသည့် ဒေသခံ ပြည်သူအစုအဖွဲ့တို့၏ သစ်တောသုံးပိုင်ခွင့်များအား မကြာခဏ အသိအမှတ်မပြု |

၃။ ***သဘာဝသစ်တောများ - မြေအသွင်ပြောင်းသုံးစွဲမှုများ*** - စိုက်ပျိုးရေးစိုက်ခင်းများ၊ ရေအားလျှပ်စစ်၊ သတ္တုတွင်းများနှင့် လမ်းစီမံကိန်းများအတွက် မြေလိုက်လျောပေးမှုများ မဆောင်ရွက်မီပြုလုပ်သည့် သစ်တောရှင်းလင်းခြင်းများသည် တိုင်းပြည်တွင်အလွန်အရေးပါသည့် သစ်အရင်းအမြစ်တစ်ခုဖြစ်သော်လည်း တရားဝင်အသိအမှတ်ပြုခြင်း သို့မဟုတ် အစိုးရ၏ စာရင်းအင်းကိန်းဂဏန်းများထဲတွင် ဖော်ပြခြင်းများ သိသိသာသာလစ်ဟင်းနေသည်။[၁၅] သစ်တောမြေများအသွင်ပြောင်းသုံးစွဲခြင်းသည် သယံဇာတပေါကြွယ်ဝသည့် တိုင်းရင်းသားပဋိပက္ခနယ်မြေများတွင် အများဆုံးပြုလုပ်ကာ ယခုအချိန်တွင် ထိုနေရာများသည် နိုင်ငံ၏ နောက်ဆုံးကျန်ရှိသည့် မထိတွေ့ရသေးသောသစ်တောနယ်မြေများဖြစ်ကာ ထိုအချက်သည် အစိုးရ၏ ထိုနယ်မြေများအပေါ်ပိုမိုထိန်းချုပ်လိုခြင်းနှင့် သယံဇာတများအားရယူလိုခြင်း၏ အပိုင်းတစ်ပိုင်းဖြစ်သည်။ ထိုသစ်တောမြေ အသွင်ပြောင်းသုံးစွဲသည့်စီမံကိန်းအများစုအား ဒေသခံတိုင်းရင်းသားအစုအဖွဲ့များနှင့် ရွေးချယ်ခံထားရသည့်အရာရှိများအား မြူဆွယ်ပြီးပြောရာတွင် ၎င်းတို့သည် ငြိမ်းချမ်းရေးနှင့်စီးပွားရေးကြီးထွားမှု ပေါ်ထွက်လာရန်ရည်ရွယ်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများဟုဆိုသည်။ သို့သော် ၎င်းဖွံ့ဖြိုးရေးစီမံကိန်းများသည် ဗဟိုအစိုးရနှင့်ဒေသခံပြည်နယ်များ၏ ဖွံ့ဖြိုးမှုဦးတည်ချက်များထက် အဆက်အသွယ်ကောင်းသည့် မြန်မာပုဂ္ဂလိကကုမ္ပဏီများ သစ်နှင့်မြေများရရှိနိုင်ရန် ပို၍အလေးသာနေသည်။ ဥပမာ - အစိုးရ၏ အမျိုးသားဆီအုန်းဖွံ့ဖြိုးမှုအစီအစဉ်သည် ဆယ်ဂဏန်းနှင့်ချီသည့် လွှမ်းမိုးမှုရှိသောမြန်မာကုမ္ပဏီများ မြန်မာနိုင်ငံတောင်ပိုင်းရှိ တနင်္သာရီတိုင်းဒေသကြီးတွင် ကြီးမားသည့်ဆီအုန်းလိုက်လျောမှုများ ရရှိစေခဲ့သည်။ ထိုနေရာသည် ထိုင်းနိုင်ငံ၏နယ်စပ်တလျှောက်တွင်ဖြစ်ပြီး မဲခေါင်ဒေသ၏နောက်ဆုံးမြေပြန့် Dipterocarp မိုးသစ်တောရှိသည့် နေရာလည်းဖြစ်သည်။ ယခုအချိန်အထိရလာဒ်မှာ အမှန်တကယ် ဆီအုန်းစိုက်ခြင်းထက် သစ်ခုတ်လှဲခြင်းက ပိုမိုများပြားနေသည်။[၁၆]

[၁၅] Woods, K, Forthcoming။

[၁၆] Woods, K, Forthcoming။

ဇယား ၂။ ဇာစ်မြစ်မျိုးစံမှသစ်များ၏ အသွင်အပြင်လက္ခဏာများ

| | ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ | သစ်စိုက်ခင်း | နိုင်ငံတော် စီမံအုပ်ချုပ်သည့် သစ်တောများ | သဘာဝသစ်တောဧရိယာများ | |
|---|---|---|---|---|---|
| | | | | သစ်လိုက်လျော မှုများ | မြေအသွင်ပြောင်း သုံးစွဲမှု (“သစ်အသွင်ပြောင်း သုံးစွဲမှု”) |
| **ဆက်စပ်သည့် ခုတ်လှဲခြင်း ပမာဏများ** | အကျိုး မသက်ရောက် | နည်း | အလယ်အလတ် | များပြား | များပြား |
| **ပထဝီ အနေအထား** | မြန်မာနိုင်ငံအ ဝှမ်း၊ မြေသိမ်း ဆည်းမှုအား ဆန့်ကျင်ရန်အ တွက် အတိုင်း အတာမျိုးစုံဖြင့် အသုံးချခြင်း | ဗမာအများစု ရှိသည့် အလယ်ပိုင်း မြေပြန့်များ | မြန်မာနိုင်ငံ အပေါ်ပိုင်းနှင့် အောက်ပိုင်းတို့ အထိ ဗမာ အများစုရှိသည့် အလယ်ပိုင်း မြေပြန့်များ | တိုင်းရင်းသား ပဋိပက္ခနယ်မြေ များတွင် အများစုရှိ | တိုင်းရင်းသား ပဋိပက္ခနယ်မြေများ တွင် အများစုရှိ သော်လည်း တိုင်းရင်းသား မ ဟုတ်သည့်တိုင်းများ တွင်လည်းရှိ (ဥပ မာ-စစ်ကိုင်းနှင့် တနင်္သာရီတိုင်း ဒေသကြီးများ ) |
| **ပါဝင်သူများ** | သစ်တောဌာန | သစ်တောဌာန | MTE | - အစိုးရနှင့် ဒေသခံမြန်မာ စစ်တပ်<br>- MTE<br>- ပြည်သူ့စစ်များ<br>- အစိုးရမဟုတ် သည့် လက်နက် ကိုင်အုပ်စုများ | - အစိုးရနှင့် ဒေသခံမြန်မာ စစ်တပ်<br>- လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန<br>- MTE<br>- ဗမာအစိုးရစစ်တပ်<br>- ပြည်သူ့စစ်များ<br>- အစိုးရမဟုတ် သည့် လက်နက် ကိုင်အုပ်စုများ |
| **ခုတ်လှဲခြင်းနှင့် ကုန်သွယ်မှု** | ဒေသခံပြည်သူ အစုအဖွဲ့ | ပြည်တွင်း ကုမ္ပဏီ သို့မဟုတ် နိုင်ငံတော် | - MTE<br>- “ခရိုနီ” ကုမ္ပဏီများ | -ပြည်သူ့စစ်များ<br>- အစိုးရမဟုတ် သည့် လက်နက် ကိုင်အုပ်စုများ<br>- “ခရိုနီ” ကုမ္ပဏီများ<br>- နယ်စပ်ဖြတ် ကျော်ကုမ္ပဏီများ (တိုင်းရင်းသား ထိစပ်နယ်မြေ များအတွင်း)<br>- ပြည်တွင်း နိုင်ငံရေးဆိုင်ရာ | - ပြည်သူ့စစ်များ<br>- အစိုးရမဟုတ် သည့် လက်နက် ကိုင်အုပ်စုများ<br>- “ခရိုနီ” ကုမ္ပဏီများ<br>- ပြည်တွင်း နိုင်ငံရေးဆိုင်ရာ စီးပွားရေးအခွင့် ထူးခံများ |

| | | | | | |
|---|---|---|---|---|---|
| | | | | စီးပွားရေးအခွင့်ထူးခံများ | |
| **ဈေးကွက်** | ဝမ်းရေးဖူလုံမှုအတွက်သာ | ပြည်တွင်းအများစု | အများစုမှာရန်ကုန်မှတဆင့်တင်ပို့ | အများစုမှာရန်ကုန်မှတဆင့်တင်ပို့နှင့်နယ်စပ်ဖြတ်ကျော် | တန်ဖိုးရှိသည့်သစ်များအား တင်ပို့၊ တန်ဖိုးနည်းသည့်သစ်များအား ပြည်တွင်းတွင်သုံး |
| **တရားဝင်မှု** | အကျိုးမသက်ရောက် | အားကောင်း | အားကောင်း | အလယ်အလတ်-နည်း | အလယ်အလတ် |
| **ရေရှည်တည်တံ့ခိုင်မြဲမှု** | မြင့်မား | မြင့်မား | အလယ်အလတ်-နိမ့် | နိမ့် | မရှိ |
| **ဒေသခံမြေသုံးစွဲပိုင်ခွင့်များ** | အလယ်အလတ်-မြင့် | မရှိ | မရှိ | မရှိ | မရှိ |

မြေအားရှင်းလင်းရန် MTE ထံမှရရှိပါက (အများစုမှာ ကျယ်ပြန့်သည့်စိုက်ပျိုးရေးလုပ်ငန်းများ)၊ ထို့နောက် သစ်သည့် ရန်ကုန်မှတင်ပို့လျှင် တရားဝင်ဖြစ်သည်။ အချို့အခြေအနေများတွင် လိုက်လျောပေးမှုသည် နိုင်ငံ၏နယ်စပ်တွင်ရှိနေသောကြောင့် သစ်များအား နယ်စပ်ဖြတ်ကျော်၍ တိုက်ရိုက်တင်ပို့လျှင် တင်ပို့မည်ဖြစ်ကာ ထိုသစ်များအား အထူးကင်းလွတ်ခွင့်များမရရှိထားပါက တရားမဝင်သစ်များဟု သတ်မှတ်မည်ဖြစ်သည်။ လိုက်လျောမှုများ များသောအားဖြင့်လုပ်လေ့ရှိသော ကာကွယ်ထားသည့်သစ်တောများ သို့မဟုတ် လိုက်လျောမှုများအတွင်းမှာပင် ဒေသခံများသည် မြေသုံးစွဲပိုင်ခွင့်မရှိပါ။[၁၃]

၄။ ***သစ်စိုက်ခင်းများ*** - သစ်စိုက်ခင်းများထံမှရရှိသည့်သစ်များသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကသစ်စိုက်ခင်းများအကြား လက်ရှိရင်ဆိုင်နေရသည့် ပြဿနာများကြောင့် အဓိကကျသောသစ်ဇာစ်မြစ် မဟုတ်သေးပါ။ သစ်စိုက်ခင်းများတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအတွက် ချမှတ်ထားသည့် ဗဟိုအစိုးရ၏မူဝါဒသည် ရှေ့နောက်မညီ၍ မတည်ငြိမ်သေးကာ အဓိကအလားအလာရှိသည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများ၏လုံခြုံမှုအတွက် စိတ်မချနိုင်ကြသေးပါ။ ယခုအချိန်တွင် သစ်စိုက်ခင်းကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံရန် ပုဂ္ဂလိကအပိုင်းကိုအားပေးနေသော်လည်း နိုင်ငံတော်က မည်သည့်ငွေရေးကြေးရေးဆွဲဆောင်မှုမျိုးမှ ပြုလုပ်ပေးခြင်းမရှိသေးသည့်အပြင် ကျွန်းသည် နိုင်ငံတော်ပိုင်မျိုးစိတ်ဖြစ်နေသရွေ့လည်း ကျွန်းများစိုက်ခြင်းမှရရှိမည့် အကျိုးအမြတ်သည်လည်း မေးခွန်းထုတ်စရာဖြစ်နေသည့်အပြင် အရည်အသွေးကောင်းသည့် မျိုးစိတ်များသည်လည်း ဇာစ်မြစ်ရှာရန်ခက်ခဲလျှက်ရှိသည်။ ထို့အပြင် မြေပိုင်ဆိုင်ခြင်းမခိုင်လုံမှုသည်လည်း အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုများအတွက် အကျိုးအကြောင်းဆီလျော်သည့် စိုးရိမ်မှုဖြစ်ကာ မြေလိုက်လျောမှုရရှိထားသည့် နေရာများတွင်လည်း လယ်သမားများ၏ မြေသိမ်းဆည်းခြင်းကိုဆန့်ကျင်နေမှုများသည်လည်း ၎င်းတို့အား စိတ်မသက်သာမှု ဖြစ်စေသည်။ လျင်မြန်စွာလျော့ပါးလာသည့် သဘာဝသစ်တောများအား အစားထိုးရန် သစ်တောဌာနသည် သစ်စိုက်ခင်းစီမံကိန်းများအား ပြန်လည်ရှင်သန်လာရန် ဦးတည်ချက်များချမှတ်ထားသည်။

၅။ ***ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ*** - ၁၉၉၂ ခုနှစ်သစ်တောဥပဒေနှင့် ၁၉၉၅ ခုနှစ်သစ်တောမူဝါဒတို့သည် ကျေးလက်ဒေသခံပြည်သူများအား အကန့်အသတ်တစ်ခုဖြင့် တရားဝင်ထောက်ခံမှုပေးသည့် ၁၉၉၅ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောရေးရာညွှန်ကြားချက်များ (CFI) အား သစ်တောများ


[၁၃] Oberndorf, R.၊ ၂၀၁၂။

ကို သစ်တောဌာနနှင့်အတူ မူအားဖြင့် ပူးတွဲစီမံအုပ်ချုပ်စေသည်။ အစိုးရ၏ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအတွက် နှစ် ၃၀ အမျိုးသားစီမံကိန်းသည် ကန့်သတ်မှုမျိုးစုံကြောင့် ၎င်း၏ရည်မှန်းချက်ရောက်ရှိရန် များစွာလိုနေသေးသည်။[၁၈] ၁၉၉၅ ခုနှစ်စီမံကိန်းသည် ဒေသခံလူ့အဖွဲ့အစည်းများအား ၎င်းတို့၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတွင် ထုတ်လုပ်ခွင့်မရှိကာ နောက်လာမည့် အမျိုးသားသစ်တောဥပဒေအသစ်တွင် ထည့်သွင်းမည့် ပြင်ဆင်ထားသည့်သစ်တောမူဝါဒတွင်လည်း ထိုနည်းတူဖြစ်မည်။ ယခုအချိန်အထိ မည်သည့်ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောမှ သစ်မာမျိုးစိတ်များ (ကျွန်းသစ်နှင့်ပျဉ်းကတိုး) အား ကျေးရွာ ၃ ရွာအတွက် စတင်ခုတ်လှဲခြင်းမရှိသေးပါ။ မည်သည့်အစိုးရအစီအစဉ်ထဲတွင်မှ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအား တိုင်းပြည်၏သစ်ကဏ္ဍအတွက် သစ်များပံ့ပိုးရန်ထည့်သွင်းထားခြင်းမရှိပါ။ ထို့အပြင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအားရည်ညွှန်း၍ မည်သည့်အမျိုးသားထောက်ခံချက်အစီအစဉ်မှ မရှိသေးပါ။

## စက်မှုစိုက်ပျိုးလိုက်လျှောမှုများနှင့် သစ်ရှာဖွေခြင်းတို့၏ အချိတ်အဆက်

မြေလိုက်လျှောမှုများ၊ အထူးသဖြင့် စက်မှုစိုက်ပျိုးဇုန်များသည် လျင်မြန်စွာဖြင့် "အသွင်ပြောင်းသုံးစွဲခြင်းသစ်" ၏အရေးပါသောဇာစ်မြစ်အသစ်များ ဖြစ်လာသည်။ တစ်နိုင်ငံလုံးအဝှမ်းရှိ စိုက်ပျိုးရေးလိုက်လျှောမှုများမှ ၅.၂ မီလီယံဧကခန့်ဖြစ်ပြီး ဇူလိုင်လ ၂၀၁၃ ခုနှစ်အရောက်တွင်ထုတ်ပေးခဲ့ပြီး အများစုမှာမြန်မာကုမ္ပဏီများထံသို့ဖြစ်ပြီး ၎င်းသည် ယခင်နှစ်၏ ၃.၅ မီလီယံဧကမှတက်လာသည်ဖြစ်ပြီး ထိုနှစ်မတိုင်မီနှစ်တွင် ၂ မီလီယံဧက ဗဟိုနှင့်ဒေသဆိုင်ရာ အစိုးရမှတ်တမ်းများကဆိုသည် (ပုံ ၂)။

ပုံ ၂။ စိုက်ပျိုးရေးလိုက်လျှောမှုများအောက်ရှိ မြေဧရိယာ (၂၀၁၁-၂၀၁၃)




၎င်းလိုက်လျှောမှုများ၏ ရာခိုင်နှုန်းအနည်းငယ်မှာ ဖက်စပ်လုပ်ငန်းများ သို့မဟုတ် အပြည့်အဝနိုင်ငံခြားပိုင်ကုမ္ပဏီများဖြစ်သော်လည်း အချို့မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ငွေကြေးကျောထောက်နောက်ခံပြုထားသည့် မြန်မာကုမ္ပဏီများဖြစ်သည်။

စိုက်ပျိုးရေးလိုက်လျှောမှုများ၏ ၆၀ ရာခိုင်နှုန်းအထက် (အဓိကအားဖြင့် ဇီဝလောင်စာနှင့် ရာဘာ) တို့သည် ဒေသနှစ်ခုတွင်သာတည်ရှိပြီး ၎င်းတို့သည်တိုင်းပြည်၏ သစ်တောဒေသအများဆုံးရှိသည့် တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့ဖြစ်သည်။[၁၉] အချက်အလက်များအရ သစ်တောဒေသများတွင်ရှိသည့် စိုက်ပျိုးရေးလိုက်လျှောမှုများထံမှရရှိသောသစ်များ၏အများစုမှာ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာန ၂ ခုစလုံးတို့ထံမှ အစိုးရ၏တရားဝင်ခွင့်ပြုချက်ရရှိပြီး ရန်ကုန်မှတဆင့် တင်ပို့ပါသည်။ လိုက်လျှောမှုများသည် နိုင်ငံ၏ထိစပ်နယ်မြေများတွင် တည်ရှိပါက အသွင်ပြောင်းသုံးစွဲသည့်သစ်များသည် နယ်စပ်မှ တရားမဝင်ကျော်ဖြတ်မှုများလည်းရှိသည်။

---

[၁၈] ကျော် တင့်၊ Springate-Baginski၊ နှင့် Mehm ကိုကိုကြီး၊ ၂၀၁၁။

[၁၉] Woods. K.၊ ၂၀၁၃။

ဇယား ၃။ ပြည်နယ်/တိုင်းဒေသကြီးအရ မြန်မာနိုင်ငံအတွင်း စိုက်ပျိုးစီးပွားလိုက်လျောမှုများ၊ ၂၀၁၀/၁၁-၂၀၁၂/၁၃

| ပြည်နယ်/ တိုင်း ဒေသကြီး | ချမှတ်ပေးသည့် (ဧကပေါင်း) | | | | စိုက်ပျိုးသည့် (ဧကပေါင်း) | |
|---|---|---|---|---|---|---|
| | ၂၀၁၀/၁၁ | ၂၀၁၁/၁၂ | ၂၀၁၂/၁၃ | လိုက်လျောပေးသည့် % | ဇူလိုင် ၂၀၁၃ အထိ | စိုက်ပျိုးသည့် % |
| **တနင်္သာရီ*** | ၆၇၁,၅၉၄ | ၉၉၃,၈၈၇ | ၁,၈၉၆,၉၇၀ | ၃၆. ၄% | ၃၉၅,၄၅၅ | ၁၉% |
| **ကချင်** | ၅၉၆,၁၈၀ | ၁,၃၉၆,၅၇၅ | ၁,၃၈၁,၁၆၅ | ၂၆. ၅% | ၁၇၂,၃၄၈ | ၁၂. ၅% |
| **စစ်ကိုင်း** | ၁၀၀,၀၅၇ | ၂၅၉,၂၇၃ | ၅၃၃,၄၀၆ | ၁၀. ၂% | ၁၉,၅၄၃ | ၃. ၇% |
| **ဧရာဝတီ** | ၁၉၃,၃၅၃ | ၂၈၅,၈၄၄ | ၃၃၅,၃၃၁ | ၆. ၄% | ၂၁၂,၉၆၉ | ၆၃. ၅% |
| **ရှမ်း** | ၁၁၇,၀၉၆ | ၁၆၀,၆၂၆ | ၃၂၃,၈၃၃ | ၆. ၂% | ၁၂၀,၄၀၃ | ၃၇. ၂% |
| **မကွေး** | ၂၀၂,၄၉၂ | ၂၁၁,၂၉၂ | ၂၁၉,၅၇၈ | ၄. ၂% | ၉၅,၉၄၉ | ၄၃. ၇% |
| **ပဲခူး** | ၁၉,၇၇၂ | ၅၂,၂၃၈ | ၂၀၀,၁၅၀ | ၃. ၈% | ၉၁,၀၇၄ | ၄၅. ၅% |
| **ရခိုင်** | - | ၇,၈၂၆ | ၁၃၁,၆၆၇ | ၂. ၅% | ၁၃,၁၇၆ | ၁၀. ၀% |
| **ရန်ကုန်** | ၃၀,၉၇၈ | ၃၀,၉၈၀ | ၈၀,၂၀၈ | ၁. ၅% | ၇၆,၂၄၃ | ၉၅. ၁% |
| **မန္တလေး** | ၁၀,၃၀၀ | ၆,၂၆၂ | ၅၆,၀၄၆ | ၁. ၁% | ၁၄,၄၉၇ | ၂၅. ၉% |
| **ကရင်** | ၂,၁၆၁ | ၄,၀၁၁ | ၃၄,၉၄၆ | ၀. ၇% | ၁၅,၈၆၇ | ၄၅. ၄% |
| **နေပြည်တော်** | - | ၇,၄၀၈ | ၁၇,၅၅၄ | ၀. ၃% | ၅,၂၁၇ | ၂၉. ၇% |
| **ချင်း** | - | ၁,၅၄၂ | ၁,၇၄၃ | ၀. ၀% | ၁၁၈ | ၆. ၈% |
| **ကယား** | - | - | - | - | - | - |
| **မွန်** | - | - | - | - | - | - |
| **စုစုပေါင်း** | **၁,၉၄၃,၉၈၃** | **၃,၄၁၇,၇၆၂** | **၅,၂၁၂,၅၉၇** | | **၁,၁၉၆,၈၅၉** | **၂၃%** |

*ဇာစ်မြစ် - စိုက်ပျိုးရေးစီမံကိန်းဌာန (DAP)၊ MOAI၊ နေပြည်တော်။*

** - တနင်္သာရီတိုင်းဒေသကြီးအတွက် အချက်အလက်များသည် (၂၀၁၂/၁၃) ဒေသဆိုင်ရာရုံးမှ ရရှိသည်။*

## မြန်မာနိုင်ငံ၏ သစ်ကုန်သွယ်မှု၏ အဓိကလုပ်ကိုင်ဆောင်ရွက်နေသူများ

ယေဘုယျအားဖြင့် မြန်မာ့သစ်ကုန်သွယ်မှုအား အဓိကလုပ်ကိုင်ဆောင်ရွက်နေသူ (၅) မျိုးက ထိန်းချုပ်ထားပြီး ၎င်း တစ်ခုချင်းစီတွင် သစ်တောမြေများနှင့်သစ်များရရှိပုံ၊ ပထဝီအနေအထား၊ စတင် တင်ပို့သည့်နေရာများ၊ တရားဝင် မှုအတိုင်းအတာ၊ ရေရှည်တည်တံ့ခိုင်မြဲမှု၊ ကျင့်ဝတ်ဆိုင်ရာဇာစ်မြစ်ရှာဖွေခြင်း အစရှိသည်တို့နှင့်ပတ်သက်ပြီး ကိုယ် ပိုင်ပုံစံများရှိကြသည်။ သစ်တင်ပို့မှုအား လက်တွေ့တွင် အောက်ဖော်ပြပါ အဓိကသစ်လုပ်ကိုင်ဆောင်ရွက်သူများနှင့် သစ်စီးဆင်းမှုများအနေနှင့် ခွဲခြားသတ်မှတ်နိုင်သည် -

၁။ ***မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း (MTMA)*** - MTMA သည် နိုင်ငံတော်ကကျောထောက်နောက်ခံပြု သည့် ပုဂ္ဂလိကသစ်လုပ်ငန်းအဖွဲ့အစည်းဖြစ်ပြီး ၎င်းသည် MTE ထံမှသစ်များရယူကာ အဖွဲ့ဝင်များသို့ အဓိ ကအားဖြင့်တင်ပို့ရန် ခွဲဝေပေးသည်။ MTMA သည် အစိုးရကိုယ်စား နိုင်ငံခြားမှသစ်ဝယ်သူများအား ဆွဲ ဆောင်၍လည်းကောင်း၊ မကြာခဏဆိုသလို နိုင်ငံခြားသစ်ကုန်သည်များ မြန်မာသစ်များဝယ်ယူရန် ကြားခံ ပေးသည်။ အသေးစားနှင့် အလယ်အလတ်သစ်ကုမ္ပဏီများသည် MTMA ထံမှ သစ်များမရရှိကာ အ ကြောင်းမှာ ၎င်းတို့သည် MTMA ၏အဖွဲ့ဝင်များ မဟုတ်ကြပါ။

၂။ ***ကြီးမားပြီးလွှမ်းမိုးမှုရှိသည့် ပြည်တွင်းလုပ်ငန်းအုပ်စုများ (ဆိုလိုသည်မှာ- "ခရိုနီ" ကုမ္ပဏီများ)*** - အကြီးစား လုပ်ငန်းများပြီး ရန်ကုန်တွင်အခြေစိုက်ကာ ထိပ်တန်းစစ်တပ်အရာရှိကြီးများနှင့် ရင်းနှီးသည့်မြန်မာကုမ္ပဏီများ ("ခရိုနီ" ကုမ္ပဏီများ) သည် MTE ကခွင့်ပြုသည့် သစ်ခုတ်လှဲခွင့်လိုက်လျောမှုများ (တိုင်းရင်းသားပဋိပက္ခ

နယ်မြေများတွင် ပို၍များပြားလာ) နှင့် သဘာဝသစ်တောများတွင် မြေအသွင်ပြောင်းသုံးစွဲမှုစီမံကိန်းများ ရရှိကြသည်။ သစ်ခုတ်လှဲခွင့်လိုက်လျောမှုများနှင့် မြေအသွင်ပြောင်းသုံးစွဲမှု ဖွံ့ဖြိုးမှုစီမံကိန်း (စိုက်ပျိုးရေး၊ ရေအားလျှပ်စစ်၊ သတ္တုတွင်း၊ လမ်းခင်းခြင်း အစရှိသည့်) တို့မှရရှိသည့်သစ်များသည် များသောအားဖြင့် ရန်ကုန်မှတဆင့် တရားဝင်တင်ပို့သော်လည်း အချို့သည် နိုင်ငံ၏ထိစပ်နယ်မြေများတွင်ရှိသောအခါ တရားမဝင် (အချို့အခါတွင် တရားဝင်ပါမစ်များပင်ရရှိသည်) နယ်စပ်ဖြတ်ကျော်၍ကုန်သွယ်မှုပြုလုပ်သည်။ ၎င်းသည် အသွင်ပြောင်းသုံးစွဲသည့်သစ်များ၏ အဓိကလုပ်ကိုင်ဆောင်ရွက်နေသူဖြစ်သည်။

၃။ ***ရန်ကုန်မှတဆင့်တင်ပို့နေသော နိုင်ငံတကာသစ်ကုန်သည်များ*** - နိုင်ငံတကာလုပ်ငန်းလုပ်ကိုင်နေသူများ၊ အဓိကအားဖြင့် အာရှငွေကြေးလည်ပတ်မှုဝင်ရိုးများဖြစ်သသည့် စင်္ကာပူ၊ ဘန်ကောက်၊ မွန်ဘိုင်းနှင့် ဟောင်ကောင်တို့သည် အဓိကအားဖြင့် တိုင်းပြည်စီမံအုပ်ချုပ်မှုအောက်ရှိ သစ်တောများနှင့် တိုင်းရင်းသား အဓိကနယ်မြေများအတွင်းရှိ သဘာဝသစ်တောများ ၂ ခုစလုံးမှ MTE ခွင့်ပြုထားသောသစ်များအား မှာယူ၍ ရန်ကုန်ဆိပ်ကမ်းမှတဆင့် တရားဝင်တင်ပို့သည်။

၄။ ***နယ်စပ်ဖြတ်ကျော် သစ်ကုန်သည်များ*** - ၎င်းထဲတွင် နယ်စပ် ၂ ဘက်စလုံးမှ ကုန်သည်များပါဝင်ပြီး၊ ယခုကိစ္စတွင် အသေးစားနှင့်အလယ်အလတ် တိုင်းရင်းသားကုမ္ပဏီများ၊ ကုန်သည်များ၊ မြန်မာဘက်ခြမ်းမှ တိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်များနှင့် တင်သွင်းမည့်နိုင်ငံများ ဒေသတွင်းသစ်ကုန်သည်များ (ဥပမာ-တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံမှ) ပါဝင်သည်။ ၎င်းတို့သည် ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ခဲ့သောစစ်နောက်ပိုင်းတွင် အစိုးရအသစ်နှင့်ပြုလုပ်သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကြောင့် စတင်ပွင့်လာသောသစ်ဟောင်းများရှိသည့် နယ်စပ်အနားရှိ တိုင်းရင်းသားပဋိပက္ခဇုန်များထံမှ အရင်းအမြစ်ရှာကြသည်။ ထိုသစ်များသည် MTE ခွင့်ပြုချက်မရရှိကာ နယ်စပ်များမှဖြတ်ကျော်၍ တရားမဝင်တင်ပို့ခြင်းဖြစ်သည်။

၅။ ***ရန်ကုန်အခြေစိုက်သည့် ပြည်တွင်းသစ်ကုန်သည်များ/ထုတ်လုပ်သူများ*** - ရန်ကုန်အခြေစိုက်သည့် အလတ်စားအရွယ် မြန်မာကုမ္ပဏီများ လေလံတင်သည့်အခါများတွင် စီမံအုပ်ချုပ်ထားသည့်နှင့် သဘာဝသစ်တောများထံမှ MTE ခွင့်ပြုထားသည့်သစ်များအား လျှောက်ယူနိုင်သည်။ သို့သော် အများစုမှာဝေစုရရန် နိုင်ငံရေးအဆက်အသွယ်များ ရှိကြသည်။ ပြည်တွင်းသုံးဈေးကွက်အတွက်မှာမူ အများစုမှာ မှောင်ခိုဈေး (ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူရ) တွင် ဝယ်ကြသည်။ ထိုကုမ္ပဏီများသည် သစ်တောမှအရင်းအမြစ်များ တိုက်ရိုက်ရရှိရန် သစ်ခုတ်လှဲခွင့်လိုက်လျောမှုများမရကြဘဲ စစ်အစိုးရနှင့်ပိုမိုအဆက်အသွယ်ကောင်းသည့် ကုမ္ပဏီများနှင့် MTE ထံမှ သစ်များတိုက်ရိုက်ရရှိသည့် နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးလုပ်ငန်းများအား ခက်ခဲမှုကြီးစွာဖြင့် ယှဉ်ပြိုင်ကြသည်။

## ရန်ကုန်မှတဆင့်တင်ပို့နေသော နိုင်ငံတကာသစ်ကုန်သည်များ

ရန်ကုန်မှတဆင့်တင်ပို့နေသော နိုင်ငံတကာသစ်ကုန်သည်များမှာ ယေဘုယျအားဖြင့် ရင်းနှီးမြှုပ်နှံမှု များများစားစားရှိသည့် အလယ်အလတ်မှအကြီးစားကုမ္ပဏီများပါဝင်ပြီး အာရှ၏ဘဏ္ဍာရေးအချက်အချာကျသော နေရာများတွင် အခြေပြုထားကာ မြန်မာနိုင်ငံ၏ အပူပိုင်းသစ်များအား ဒေသတွင်းနှင့်ကမ္ဘာ့ဈေးကွက်ထံ တင်ပို့လျှက်ရှိသည်။ နိုင်ငံတကာ အာရှကုမ္ပဏီများသည် စင်္ကာပူနိုင်ငံရှိဘဏ်စာရင်းပေးချေမှုများဖြင့် MTE ထံမှ လေလံများကိုယူသည်။ ထိုသစ်အများစုမှာ အရေအသွေးအလွန်မြင့်သည့် ကျွန်းသစ်လုံးများဖြစ်ပြီး အစိုးရထိန်းချုပ်ပြီးစီမံကွပ်ကဲသည့် ကျွန်းသစ်တောများမှ အများဆုံးယူသည်။ အသွင်ပြောင်းသုံးစွဲမှုမှရရှိသော သစ်များကဲ့သို့သော အခြားဇာစ်မြစ်မှလာသောသစ်များသည်လည်း ဝင်ပြီးရောနှောနေနိုင်သည်။ MTE မှခွင့်ပြုသောသစ်များသည် ရန်ကုန်ဆိပ်ကမ်းမှ တဆင့် အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်္ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကဲ့သို့သော အာရှဆိပ်ကမ်းမြို့များထံသို့ တင်ပို့သည်။ တင်သွင်းသည့်ကုမ္ပဏီ သို့မဟုတ် တဆင့်ဝယ်သူက တန်ဖိုးဖြည့်မြှင့်မှုပြုလုပ်ပြီးလျှင် မြန်မာနိုင်ငံမှ ဖြတ်သား (Sawn Wood) နှင့် သစ်တောထွက်ပစ္စည်းများအား အချောထည်ပြုလုပ်သည့်နိုင်ငံမှ ထွက်သည်ဟုမှတ်သားပြီး ကမ္ဘာအနှံ့သို့တင်ပို့ခြင်း သို့မဟုတ် ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်းများ ပြုလုပ်လေ့

ရှိသည်။ ဤလမ်းကြောင်းသည် ကမ္ဘာ့ရှိအပူပိုင်း သစ်ဈေးကွက်များအတွက် အဓိကကြီးစိုးနေသည့် မြန်မာ့သစ်များတင်ပို့ပုံဖြစ်သည်။

## နယ်စပ်ဖြတ်ကျော် သစ်ကုန်သည်များ

ဒေသအတွင်း နယ်စပ်ဖြတ်ကျော်သစ်ကုန်သည်များ (အများစုမှာ တရုတ်ပြည်မကြီးနှင့်ထိုင်းနိုင်ငံတို့မှ ဖြစ်သော်လည်း အိန္ဒိယနိုင်ငံအရှေ့မြောက်ဘက်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ကုန်သည်များလည်းပါဝင်) သည် များသောအားဖြင့် အသေးစား သို့မဟုတ် အလတ်စားကုမ္ပဏီများဖြစ်ပြီး ၎င်းတို့၏စီးပွားရေးရည်ရွယ်ချက်မှာ မြန်မာနှင့်နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု ပြုလုပ်ရန်ဖြစ်သည်။ သစ်ဇာစ်မြစ်များမှာ တိုင်းရင်းသားထိစပ်နယ်မြေများတွင်ရှိသည့် သက်ရင့်သစ်တောများ (တခါတရံ အစိုးရထိန်းချုပ်မှုမရှိသည့် နယ်မြေများ) ဖြစ်ကြပြီး အမြဲမဟုတ်သော်လည်း ပုံမှန်အားဖြင့် အစိုးရထိန်းချုပ်မှုမရှိသည့် နယ်မြေများအားဖြတ်ပြီး သစ်သယ်ယူပို့ဆောင်ရေးများပြုလုပ်ကာ မကြာခဏဆိုသလို စစ်ပြီးပဋိပက္ခနှင့်အကြမ်းဖက်မှုများ ရှိသည့်နေရာများတွင်ဖြစ်သည်။ ကုန်သည်များသည် ဒေသခံစေ့စပ်ညှိနှိုင်းရေးအာဏာပိုင်များနှင့် တဆင့်လုပ်ကိုင်ပြီး ၎င်းတို့မှာ ဗမာစစ်တပ်နှင့်အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စုများနှင့် အနည်းအကျဉ်းအားဖြင့် ဒေသခံအစိုးရအရာရှိများ ပါဝင်သည်။ ဒေသခံတိုင်းရင်းသား သစ်ကုန်သည်များနှင့် မြန်မာဘက်မှ အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စုများနှင့်ဆက်စပ်နေသည့် တိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်များသည် ၎င်းသစ်ထုတ်လုပ်မှုအပေးအယူများအား ဆောင်ရွက်ပေးသည်။

၎င်း MTE မဟုတ်သည့်သစ်များအား ကုန်တင်ကားကြီးများမှ မော်တော်ဆိုင်ကယ်အသေးလေးများအထိဖြင့် အစိုးရခွင့်ပြုထားသည့်ဂိတ်များမှ သို့မဟုတ် တောလမ်းများဖြင့် နယ်စပ်ဖြတ်ကျော်၍ တိုက်ရိုက်ကုန်သွယ်မှုပြုလုပ်ကြသည်။ ကျွန်းနှင့်ကျွန်းမဟုတ်သည့်သစ်မာများသည် များသောအားဖြင့် သစ်လုံးများဖြစ်သော်လည်း အနည်းစုအချို့မှာ ဖြတ်သား နှင့် ကျန်အချို့မှာ ပရိဘောဂများဖြစ်ပြီး ၎င်းသည်အထူးသဖြင့် ထိုင်းနိုင်ငံထံတင်ပို့သည့်အခါများတွင် ဖြစ်သည်။ ဟာကွက်များကြောင့် အဆင့်မြင့်မြန်မာအရာရှိများအား ကုန်းလမ်းသစ်တင်ပို့မှုများကို တရားဝင်ခွင့်ချက်များပြုလုပ်ခွင့် ပေးထားသော်လည်း မြန်မာအမျိုးသားဥပဒေအရ သစ်များအား နယ်စပ်ဖြတ်ကျော်ပြီးကုန်သွယ်ခြင်းသည် များသောအားဖြင့် တရားမဝင်ပါ။ [၂၀] မြန်မာနိုင်ငံနှင့်ကုန်းလမ်းသစ်ကုန်သွယ်မှု ပြုလုပ်ခြင်းအား ဆန့်ကျင်သည့် ကြေငြာချက်များပြုလုပ်ခဲ့သော ထိုင်းနိုင်ငံ [၂၁]၏ဗဟိုအစိုးရနှင့်တရုတ်နိုင်ငံ [၂၂]တို့သည် မြန်မာနိုင်ငံ၏ နယ်စပ်ဖြတ်ကျော်သစ်ကုန်သွယ်ရေးအား တရားဝင်တားမြစ်ချက်များ ပြုလုပ်ခြင်းအခြေအနေကို ထပ်မံပြီးပံ့ပိုးပေးရာရောက်သည်။ မြန်မာနိုင်ငံ၏ထိစပ်နယ်မြေများရှိ အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စုအချို့သည်လည်း ၎င်းတို့လွှမ်းမိုးမှုရှိသည့်နယ်မြေများတွင် သစ်ထုတ်လုပ်ခြင်းအားတားမြစ်သော်လည်း ၎င်းအားလက်တွေ့တွင်မြန်မာဗဟိုအစိုးရကဲ့သို့ပင် လိုက်နာမှုနည်းပါးသည်။ [၂၃]

---

[၂၀] ရဲလွင်၊ ၂၀၀၆၊ Xinhua ၊ ၂၀၀၆၊ KNG၊ ၂၀၀၇။ ကုန်းလမ်းသစ်ကုန်သွယ်မှုသည် တရားမဝင်ကြောင်းကြေငြာထားသည့် စာရွက်စာတမ်းမှာနည်းပါးပြီး (ဤ footnote တွင်ရှိသည့် ကိုးကားချက်များအားကြည့်ရန်)၊ သစ်တောဌာနသည် ပုံမှန်အားဖြင့် ကုန်းလမ်းမှဖြတ်ကျော်သည့် သစ်တင်ပို့မှုအားတရားမဝင်ဟုဆိုသည်။

[၂၁] သစ်တင်သွင်းမှုနှင့် ပြည်တွင်းသယ်ယူပို့ဆောင်မှုတို့နှင့်ပတ်သက်သည့် လက်ရှိထိုင်းနိုင်ငံ၏စည်းမျဉ်းဥပဒေများအရ မြန်မာနိုင်ငံမှသစ်မှာ ထိုင်းနိုင်ငံအတွင်းသို့ တရားဝင်တင်သွင်းရန် စစ်မှန်သည့် မြန်မာအစိုးရ၏ခွင့်ပြုချက်များဖြင့် ရန်ကုန်မှတဆင့်ရေကြောင်းမှ တင်ပို့ရမည်ဖြစ်သည်။ ထိုင်းအစိုးရသည် မြန်မာ့သစ်လုံးများအား နှစ်နိုင်ငံကြားနယ်စပ်မှဖြတ် ကျော်တင်ပို့ရန် အထူးခြွင်းချက်များပေးနိုင်သော်လည်း လွန်ခဲ့သော ၁၀ နှစ်ကာလတွင် ဤကဲ့သို့ပြုလုပ်ခြင်း အလွန်နည်းပါးသည်။ သစ်အချောထည်များ၊ အထူးသဖြင့် ကျွန်းပရိဘောဂများအား မြန်မာနိုင်ငံတွင်းမှရရှိပြီး အချောထည်ပြုလုပ်ထားကြောင်းအတည်ပြုသည့် စစ်မှန်သောစာရွက်စာတမ်းများဖြင့် ထိုင်းနိုင်ငံနယ်စပ်အားဖြတ်ကျော်ပြီးတင်ပို့နိုင်သည်။ သို့သော် ပိုနည်းသည့်ပမာဏရှိသည့် အချောထည်မပြုလုပ်ရသေးသောသစ်လုံးများသည် ထိုင်းအစိုးရ၏ခွင့်ပြုချက်မပါဘဲ နယ်စပ်အားကုန်းလမ်းမှဖြတ်ကျော်လျှက်ရှိသည် (Woods, K. နှင့် K. Canby ၊ ၂၀၁၁)။

[၂၂] “မြန်မာနှင့်ယူနန်ပြည်နယ်အကြား သစ်များနှင့်တွင်းထွက်ပစ္စည်းများ စီမံအုပ်ချုပ်ရန်ပြုလုပ်သည့် ကြားဖြတ်ဆောင်ရွက်မှုများ”။ ယူနန်ပြည်နယ်၏ ပြည်သူ့အစိုးရက မေလ ၁၁၊ ၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်သည်။ မူဝါဒကိုးကားချက်နံပါတ် - မူဝါဒရုံး၊ ယူနန် [၂၀၀၆] ၉၁။ Xinhua ၂၀၀၆ တွင်လည်း ကြည့်နိုင်သည်။

[၂၃] ဥပမာအားဖြင့် ကချင်ပြည်နယ်နှင့်ရှမ်းပြည်မြောက်ပိုင်း၊ ယူနန်နယ်စပ်တလျှောက်တွင် လှုပ်ရှားနေသည့် ကချင်လွတ်လပ်ရေးအဖွဲ့နှင့် တပ်မတော် (KIO/A) သည် ၎င်းတို့၏ပိုင်နက်အတွင်း သစ်ခုတ်လှဲခြင်းသည် တရားမဝင်ဟု ၎င်းတို့၏ ၂၀၀၂ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် ကြေငြာချက် (ထို KIO ကြေငြာချက်သည် စာရေးဆရာ file သွင်းထားသည်) နှင့် ထပ်မံ၍ ၂၀၁၁ ခုနှစ်တွင်ပြုလုပ်သည့်ကြေငြာချက်များတွင် ပါဝင်သည် (KNG၊ ၂၀၁၁)။

## Box ၁။ တရုတ်-မြန်မာနယ်စပ်ဖြတ်ကျော် သစ်ကုန်သွယ်မှု

အများသိကြသော နယ်စပ်ဖြတ်ကျော်တရားမဝင်ကုန်သွယ်မှု ဥပမာတစ်ခုမှာ မြန်မာ-တရုတ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်ပြီး၊ ၎င်းအကြောင်းသိခဲ့သည်မှာ ကြာမြင့်ပြီဖြစ်ပြီး လေးနက်သည့်ပူပင်မှုများလည်း ဖြစ်ပေါ်စေခဲ့သည်။ ၂၀၀၀ ခုနှစ်များအစောပိုင်းတွင် တရုတ်နိုင်ငံကတင်သွင်းသည့် မြန်မာသစ်အများစုမှာ မြန်မာနိုင်ငံမြောက်ပိုင်းရှိ ယူနန်ထိစပ်နယ်မြေမှဖြစ်သည်။[၂၄] သတင်းပို့ချက်များအရ ၎င်းကုန်သွယ်မှုသည် တရားမဝင်သစ်ခုတ်လှဲမှုများ၊ မြေသိမ်းဆည်းမှုများ၊ သစ်တောအားအခြေခံသည့် လူနေမှုဘဝများဆုံးရှုံးခြင်းနှင့် တိုင်းရင်းသားပဋိပက္ခများဖြစ်ပေါ်လာရန် လောင်စာပြုလုပ်ပေးသကဲ့သို့ဖြစ်သော်လည်း ဒေသခံလူထုများအတွက် အကျိုးအမြတ်အနည်းငယ်သာ ဖြစ်စေသည်။[၂၅] မြန်မာနိုင်ငံမြောက်ပိုင်းရှိ သစ်တောများတွင်ဖြစ်ပွားနေသည့် သစ်ခုတ်လှဲမှုများနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံ၏အခန်းကဏ္ဍအပေါ် ပြည်တွင်းနှင့်နိုင်ငံတကာအာရုံစိုက်မှုများသည် ၂၀၀၆ ခုနှစ်အလယ်ပိုင်းတွင် မြန်မာ-တရုတ်အပြန်အလှန် အစိုးရသဘောတူညီချက်ဖြစ်ပေါ်စေပြီး ၎င်းတို့ဝေငှထားသည့်နယ်စပ်တလျှောက်ရှိ နယ်စပ်ဖြတ်ကျော်သစ်ကုန်သွယ်ရေးအား တားဆီးရန်ဖြစ်သည်။[၂၆] ထိုအချိန်မှစ၍ တရုတ်-မြန်မာသစ်ကုန်သွယ်မှုသည် ရန်ကုန်ရှိဆိပ်ကမ်းများထံသို့ ပို၍ရွှေ့ပြောင်းလာပြီး သစ်များအား တရုတ်နိုင်ငံ၏အရှေ့ဘက်ဆိပ်ကမ်းများထံသို့ တရားဝင်တင်ပို့လာကြသော်လည်း ၎င်းသည် တရုတ်သစ်ကုန်သည်များအတွက် ကုန်ကျစရိတ်ပိုမိုများပြားစေသည်။ သို့သော် အဆင့်မြင့် မြန်မာစိုးရအရာရှိများသည် ကုန်းတွင်းသစ်တင်ပို့မှုများအား ရွေးချယ်ပြီးတရားဝင်ပြုလုပ်ခွင့်ရှိပုံပေါ်ကာ ၎င်းသည် နိုင်ငံရှိ အခြားအရင်းအမြစ်ထုတ်လုပ်သည့်ကဏ္ဍများတွင် ကိုင်တွယ်ပုံနှင့်ဆင်လျှက်ရှိသည်။[၂၇]

ယနေ့တွင် ပို၍နည်းပါးလာသော်လည်း များပြားသေးသည့်သစ်ပမာဏသည် ယူနန်နယ်စပ်မှ သစ်အများစုအား တရားမဝင်ဖြတ်ကျော်ပြီး ကူမင်းထံသို့ဆက်ပြီးပို့သည် (ထိုမှတဆင့် တရုတ်နိုင်ငံ၏အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းထံသို့)၊ ပုံ ၃တွင်ဖော်ပြထားသည့်အတိုင်း။ ယူနန်၏ ပြည်နယ်မြို့တော်ဖြစ်သောကူမင်းသည် တရုတ်နိုင်ငံထံသို့ မြန်မာသစ်များတင်ပို့ရာတွင် အကြီးဆုံးပန်းတိုင်ဖြစ်သည်။[၂၈] ၂၀၀၆ ခုနှစ်အလယ်ပိုင်းတွင် အပြန်အလှန်ပြုလုပ်ခဲ့သော မြန်မာနှင့်တရုတ်အကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးအား အရေးယူဆောင်ရွက်မှုများနောက်ပိုင်းတွင် တန်ဖိုးရှိသည့်သစ်ပမာဏပေါင်းများစွာသည် ပြန်လည်တိုးမြင့်လာပြီး လွန်ခဲ့သောနှစ်များအတွင်းတွင် ပို၍များပြားသည်။ ၎င်းသည် အကြောင်းမျိုးစုံကြောင့်ဖြစ်ပြီး ၎င်းတို့ထဲတွင် နိုင်ငံတကာအာရုံစူးစိုက်မှုနည်းပါးခြင်း၊ ကချင်ဒေသအတွင်း “ပဋိပက္ခသစ်” ခုတ်လှဲခြင်းကိုအားထည့်ခြင်းနှင့် ဧပြီလ ၂၀၁၄ ခုနှစ်တွင် ပြုလုပ်မည်ဟု မျှော်မှန်းထားသော သစ်လုံးတင်ပို့မှုပိတ်ပင်ခြင်းတို့ ပါဝင်သည်။ ကူမင်းထံသို့လာသည့် သို့မဟုတ် တင်ပို့သည့် တင်ပို့မှုအားလုံးသည် ကုန်းလမ်းဖြင့် မြန်မာနိုင်ငံနယ်စပ်အားဖြတ်ကျော်၍ ပြုလုပ်ခြင်းဖြစ်သည်။ ဧပြီလ ၂၀၁၃ ခုနှစ်တွင် လာမည့်အစိုးရ၏ သစ်လုံးတင်ပို့မှုပိတ်ပင်ခြင်းအားရှေးရှု၍နှင့် ယခုနှစ်အစောပိုင်းပြန်လည်ဖြစ်ပေါ်လာသည့် ကချင်ပဋိပက္ခအပေါ် အစိုးရ၏အမျှော်အမြင်မရှိဖို့လိုကြောင်း သစ်လုံးပမာဏများစွာသည် တရုတ်နယ်စပ်မြို့ဖြစ်သော နန်ဒေါင်းရှိ တရုတ်အကောက်ခွန်စစ်ဆေးရေးဂိတ်များမှတဆင့် ယူနန်ပြည်နယ်အတွင်းသို့ ကုန်းလမ်းမှဖြတ်ကျော်ပြီးဝင်သွားသည်ကို တွေ့ရှိရသည်။ သစ်များအား ရှမ်းပြည်အနောက်မြောက်ဘက်နှင့် ကချင်ပြည်နယ်အရှေ့တောင်ဘက်ရှိ အစိုးရထိန်းချုပ်မှုအောက်ရှိ ဒေသများတွင်ခုတ်လှဲပြီး မြန်မာအစိုးရနှင့်အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စု ၂ ခုစလုံးထိန်းချုပ်ထားသည့် နယ်မြေများအားဖြတ်ကျော်၍ ယူနန်ပြည်နယ်အတွင်းသို့ဝင်ကာ လမ်းကြောင်းတလျှောက်တွင်လည်း အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စုများက အခွန်ကောက်လျှက်ရှိသည်။[၂၉] ၎င်ဖြစ်စဉ်များအား ပိုမိုနားလည်ရန်နှင့် လွှမ်းမိုးမှုပြုလုပ်နိုင်ရန် သုတေသနနှင့်ထောက်ခံအားပေးမှု ပိုမိုပြုလုပ်ရန်လိုအပ်သည်ဖြစ်သည်။

---

[၂၄] Global Witness၊ ၂၀၀၅၊ Woods၊ ၂၀၁၁။

[၂၅] Kahrl၊ Weyerhaeuser နှင့် Yufang၊၂၀၀၄၊ Woods၊ ၂၀၁၁။


[၂၆] “မြန်မာနှင့်ယူနန်ပြည်နယ်အကြား သစ်များနှင့်တွင်းထွက်ပစ္စည်းများ စီမံအုပ်ချုပ်ရန်ပြုလုပ်သည့် ကြားဖြတ်ဆောင်ရွက်မှုများ”။ ယူနန်ပြည်နယ်၏ ပြည်သူ့အစိုးရက မေလ ၁၁၊ ၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်သည်။ မူဝါဒကိုးကားချက်နံပါတ် - မူဝါဒရုံး၊ ယူနန် [၂၀၀၆] ၉၁။ Xinhua ၂၀၀၆ တွင်လည်း ကြည့်နိုင်သည်။

[၂၇] နိုင်ငံရှိ ထိပ်တန်းအစိုးရနှင့်စစ်တပ်အရာရှိကြီးများသည် ဥပဒေစိုးမိုးမှုအထက်တွင် ဆက်လက်၍ များစွာဆောင်ရွက်နေပြီး တိုင်းပြည်၏ဥပဒေသစ်များအတွင်းတွင် စည်းမျဉ်းစာပိုဒ်အသစ်များဖြည့်စွက်ပြီး ဝန်ကြီးများနှင့်၎င်းတို့၏အထက်တွင်ရှိသည့် အာဏာပိုင်များအား ပိုမိုအာဏာလွှဲပေးနေသည့် လက်ရှိပြုပြင်ပြောင်းလဲမှုကာလအတွင်းတွင် ဆက်လက်ဖြစ်ပွားလျှက်ရှိသည်။

[၂၈] နောက်လာမည့် Forest Trends

[၂၉] Forest Trends သုတေသီ၊ ဧပြီ ၂၀၁၃။

ပုံ ၃။ တရုတ်နိုင်ငံ၏ ဒေသအလိုက် မြန်မာနိုင်ငံမှသစ်တောထွက်ပစ္စည်းများ တင်ပို့မှု




*ဇာစ်မြစ် - တရုတ်အကောက်ခွန်စာရင်းကိန်းဂဏန်းများ၊ Forest Trends ၏ စုစည်းမှု။*

## ပြည်တွင်းတွင် များစွာလွှမ်းမိုးလျှက်ရှိသော လုပ်ငန်းအဖွဲ့များ (“ခရိုနီကုမ္ပဏီများ”)

ယခုအမျိုးစားသည် မြန်မာနိုင်ငံ၏စီးပွားရေးတစ်ခုလုံးတွင် အလွန်အရေးပါသည့်အခန်းကဏ္ဍမှပါဝင်ပြီး သစ်ကဏ္ဍတစ်ခုတည်းတွင်မဟုတ်ပါ။ ပုံမှန်အားဖြင့် “ခရိုနီ” ကုမ္ပဏီများဟုအမည်တွင်သော ကြီးမားပြီးများစွာလွှမ်းမိုးမှုရှိကာ အဆက်အသွယ်လည်းများစွာရှိသည့် ကျော်ကြားသော ရန်ကုန်တွင်အခြေစိုက်သည့်ကုမ္ပဏီကြီးများသည် မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍအားလုံးနီးပါးတွင် ပါဝင်ပတ်သက်နေသည်။ ကုမ္ပဏီပိုင်ရှင်များသည် တိုင်းပြည်၏ထိပ်တန်းစစ်တပ်အဆင့်များနှင့် ရင်းနှီးသည့် စီးပွားရေးဆက်ဆံမှုများရှိပြီး အစိုးရအသစ်လက်အောက်တွင်ပင် တိုင်းပြည်၏ဝင်ငွေရရှိနိုင်မှု အလားအလာအများဆုံးရှိသည့် လုပ်ငန်းများဖြစ်သော စစ်အစိုးရအား ဆောက်လုပ်ရေး၊ ဟိုတယ်နှင့်ခရီး၊ သတ္တုတွင်း၊ သစ်နှင့်ယခုတွင် စိုက်ပျိုးစီးပွားရေးလုပ်ငန်းတို့တွင် ကူညီဆောင်ရွက်လျှက်ရှိသည်။[၃၀] ၎င်းကုမ္ပဏီများ၏ စစ်တပ်အရာရှိကြီးအချို့နှင့် အမှုဆောင်အရာရှိချုပ် (CEOs) အချို့တို့သည် လွှတ်တော်အမတ်များ (MPs)အဖြစ်လတ်တလော ခန့်အပ်ခံထားကြရသူများဖြစ်ပြီး အချို့မှာ အစိုးရအသစ်အတွင်းတွင် အဆင့်မြင့်အရာရှိကြီးများဖြစ်သည်။

ထိုအုပ်စုသည် တိုင်းပြည်၏ အကြီးစားသစ်ခုတ်လှဲခွင့်လိုက်လျောမှုများနှင့် သစ်ကုန်သွယ်ပိုင်ခွင့်များ၏ အများစုအား MTE ထံမှရရှိပြီး ၎င်းအထဲတွင် ကြိုးဝိုင်းသစ်တောများအတွင်းမှ စိုက်ပျိုးစီးပွားလိုက်လျောပေးမှုများလည်း ပါဝင်သည်။ အချို့ဖြစ်ရပ်များတွင် အစိုးရဆောက်လုပ်ရေးစီမံကိန်းများတွင် ပါဝင်လုပ်ဆောင်မှုအတွက် အခကြေးအဖြစ် သစ်ခုတ်လှဲခွင့် လိုက်လျောမှုများပေးသည်။ ထိုနည်းဖြင့် သစ်ခုတ်လှဲခွင့်လိုက်လျောမှုများသည် ထိပ်တန်းစစ်တပ်အရာရှိကြီးများနှင့်ကုမ္ပဏီများအကြား ငွေကြေးစနစ်တစ်ခုအဖြစ်ရှိနေပြီး စစ်အစိုးရ၏ သီးသန့်ယန္တရားမောင်းတံတစ်ခုဖြစ်နေသည်။ ၎င်းတို့၏ စစ်တပ်နှင့်အစိုးရတို့နှင့် နီးကပ်စွာဆက်နွယ်နေခြင်းသည် သစ်ခုတ်လှဲမှုနှင့်သယ်ယူပို့ဆောင်မှုတို့အတွက် ပါမစ်များနှင့်ကန်ထရိုက်များနှင့်ထိုမှတဆင့် MTE ၏ တရားဝင်သစ်တင်ပို့မှုပါမစ်များ ရရှိခြင်းတို့ကို ပံ့ပိုးပေးသည်။ ၎င်းတို့ထဲမှတချို့မှာ ကိုယ်ပိုင်ဆိပ်ကမ်းများနှင့် ကုန်သေတ္တာသင်္ဘောများ ပိုင်ဆိုင်ကြသည်။ ထိုအခြေအနေသည် ယခုလတ်တလောပြုပြင်ပြောင်းလဲမှု ကာလမတိုင်မီတွင် ကျိန်းသေရှိခဲ့ပြီး အမျိုးသားနိုင်ငံရေးဆိုင်ရာစီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ အထူးသဖြင့် သစ်တောကဏ္ဍတွင်ဖြစ်ပေါ်လာမည့် ပြုပြင်ပြောင်းလဲမှုများသည်

[၃၀] ၎င်းတို့ထဲမှ အချို့ကုမ္ပဏီများသည် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး အနည်းနှင့်အများ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းအပါအဝင် ဥပဒေနှင့်ဆန့်ကျင်သော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဟု လည်း ထင်မြင်ရသည်။

တိုင်းပြည်၏စီးပွားရေးနှင့် အထူးသဖြင့် အရင်းအမြစ်ထုတ်လုပ်ခြင်းတွင် ၎င်းတို့၏ကြီးစိုးနေသည့်အနေအထားအား မည်ကဲ့သို့အကျိုးသက်ရောက်မှု ရှိမည်ဆိုသည်ကို မသိနိုင်သေးပါ။

ထိုကုမ္ပဏီများအားပေးထားသော အချို့သစ်ခုတ်လှဲခွင့်လိုက်လျော့မှုများသည် နိုင်ငံအတွင်းရှိ အစဉ်အလာအရ အစိုးရက စီမံအုပ်ချုပ်သည့်သစ်တောနယ်မြေများ (မြန်မာပြည်အလယ်ပိုင်း) တွင် တည်ရှိသော်လည်း ရခိုင်နှုန်းအများအပြားမှာ ဗမာလူမျိုးများ၏ စီမံအုပ်ချုပ်မှုမရှိသည့်သစ်တောများနှင့် ပို၍များပြားလာသည်မှာ တိုင်းရင်းသားပဋိပက္ခဖြစ်ပွားနေသော ထိစပ်နယ်မြေများတွင် ဖြစ်သည်။ ထိုအကြီးစား လွှမ်းမိုးလျှက်ရှိသော လုပ်ငန်းအဖွဲ့များ အသွင်ပြောင်းသုံးစွဲသည့် သစ်တောမြေများထံမှ သစ်အများအပြား (သို့သော် ပမာဏအားဖြင့်မသိ) ရရှိပြီး ၎င်းတို့ထဲတွင် စက်မှုစိုက်ပျိုးရေးစိုက်ခင်းများ၊ ရေအားလျှပ်စစ်နှင့် လမ်းဆောက်လုပ်ရေးစီမံကိန်းများ ပါဝင်သည်။ ၎င်းတို့ကိုယ်တိုင်ဆောက်လုပ်နေသည့် ဖွံ့ဖြိုးရေးစီမံကိန်းများမှမြေများအား MTE ၏ စီမံကိန်းနယ်မြေအတွင်း သစ်ခုတ်လှဲခွင့်ဖြင့် ("အသွင်ပြောင်းသုံးစွဲသည့်သစ်") ကိုယ်တိုင်ပင်ရှင်းလင်းမှုများပြုလုပ်ပြီး ရန်ကုန်မှတဆင့် MTE ၏ခွင့်ပြုချက်ဖြင့် တင်ပို့မှုများပြုလုပ်သည်။

၎င်းကုမ္ပဏီများပြုလုပ်သည့် သစ်ခုတ်လှဲခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ကုန်သွယ်မှုပြုလုပ်ခြင်းတို့သည် ပြည်တွင်းသုံးနှင့် တင်ပို့မှုအတွက် သစ်အားလုံး၏ ကုန်သွင်းခြင်းကွင်းဆက် (supply chain) အား ဖြည့်ဆည်းပေးပြီး ၎င်းကုန်သွင်းခြင်းကွင်းဆက်အမျိုးမျိုးတွင် မည်သည့်သစ်ကုန်သွယ်မှု လုပ်ကိုင်ဆောင်ရွက်နေသူများက ပါဝင်သည်ကိုဖော်ထုတ်ရန် မည်သည့်နည်းလမ်းမှ မချမှတ်ထားပါ။

လွှမ်းမိုးမှုရှိသည့်ကုမ္ပဏီအချို့ထဲတွင် ပါဝင်သည်မှာ Htoo Trading၊ Max Myanmar၊ Yuzana၊ Dagon နှင့် Asia World တို့ဖြစ်သည်။ Yuzana ကုမ္ပဏီသည် ဧက ၂၀၀,၀၀၀ ရှိသည့်ဇီဝလောင်စာလိုက်လျော့မှုအား ကချင်ပြည်နယ်အနောက်ပိုင်းရှိ ဟူးကောင်းချိုင့်ဝှမ်းတွင် လုပ်ကိုင်ဆောင်ရွက်နေရာ ၎င်းနေရာသည် ကမ္ဘာ၏အကြီးဆုံးကျားဘေးမဲ့တောရှိသည့်အပြင် နိုင်ငံ၏အကြီးဆုံး မြေပြန့်သစ်တောစားကျက်မြေလည်းရှိသည်။ Yuzana ကုမ္ပဏီနှင့်တိုင်းပြည်၏အင်အားအကြီးဆုံး ပုဂ္ဂလိကသစ်ကုမ္ပဏီတစ်ခုဖြစ်သည့် Htoo Trading တို့သည် မြန်မာနိုင်ငံတောင်ပိုင်းရှိ တနင်္သာရီတိုင်းဒေသကြီးတွင် အခြေစိုက်သည့် ဆီအုန်းလုပ်ငန်းများအား ဆောင်ရွက်နေပြီး ၎င်းနေရာသည် အရှေ့တောင်အာရှ၏အကြီးဆုံး တစုတစည်းရှိသည့် Dipterocarp သစ်တောများရှိသောနေရာဖြစ်သည်။ Asia World ကုမ္ပဏီနှင့်စစ်တပ်သည် ကချင်ပြည်နယ်ရှိ ပဋိပက္ခဖြစ်ပွားနေသောနေရာများရှိ သစ်တောများတွင် အကြီးစားရေကာတာများနှင့်လမ်းများတည်ဆောက်ရန် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်သည်။ ထိုနာမည်ကြီးသောကုမ္ပဏီများအား ၎င်းတို့၏စီမံကိန်းနယ်မြေများတွင် သစ်ထုတ်လုပ်ပိုင်ခွင့်များ ပေးထားသည်ဖြစ်သည်။[၃၀]

## မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း (MTMA) အား ၁၉၉၃ ခုနှစ်တွင်ထူထောင်ခဲ့ပြီး ၎င်းထဲတွင် အစိုးရက ခွင့်ပြုထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အသင်းအောက်ရှိ မြန်မာသစ်ကုန်သည် ၂၅၀ နှင့် မြန်မာသစ်ကုမ္ပဏီပေါင်း ၉၀၀ ကျော်ဖြင့်ဖွဲ့စည်းထားသည်။ UMFCCI အား ယခုအချိန်တွင် မြန်မာစီးပွားရေးလောကက "ခရိုနီ" အဖြစ်သတ်မှတ်ထားသည့်ပုဂ္ဂိုလ်တစ်ဦးက ဦးဆောင်နေပြီး ၎င်းသည် ယခင်စစ်တပ်အာဏာပိုင်များနှင့် ကောင်းမွန်သည့်အဆက်အသွယ်ရှိပြီး ယခုအချိန်တွင် UMFCCI အတွင်းတွင် ရုန်းကန်လှုပ်ရှားမှုများဖြစ်ပေါ်လေ့ရှိရာ အကြောင်းမှာ UMFCCI အတွင်း ခရိုနီမဟုတ်သည့် အရင်းရှင်များ ခြေကုပ်ရရှိနိုင်ရန်ပိုမိုပြီး ဒီမိုကရက်တစ်ကျသည့် အုပ်ချုပ်မှုအောက်တွင်ရှိရန်ဖြစ်သည်။[၃၂] ပုဂ္ဂလိကကဏ္ဍများအတွင်းတွင် MTMA သည် သစ်ထုတ်လုပ်မှု၊ အရောင်းမြှင့်တင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့်တင်ပို့ခြင်းတို့နှင့် ပတ်သက်သည့်တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။ MTMA သည် MTE နှင့် ပုဂ္ဂလိကကဏ္ဍအကြား လွယ်ကူချော

[၃၀] Woods, K, Forthcoming။

[၃၂] Su Phyo Win၊ ၂၀၁၃။

မောစေရန်ပံ့ပိုးပေးသည်။ MTMA သည် အစိုးရကိုယ်စား နိုင်ငံခြားမှသစ်ဝယ်သူများအား ဆွဲဆောင်၍ လည်းကောင်း မကြာခဏဆိုသလို နိုင်ငံခြားသစ်ကုန်သည်များ မြန်မာသစ်များဝယ်ယူရန် ကြားခံပေးသည်။ ထို့အပြင် MTMA သည် အများပြည်သူပိုင်နှင့်ပုဂ္ဂလိကပြည်တွင်း သစ်အခြေခံသည့်လုပ်ငန်းများအား MTE ခွင့်ပြုထားသည့်သစ်လုံးများနှင့် Sawn Wood များအား ကူညီ၍ဖြန့်ဖြူးပေးသည်။ စစ်တပ်နှင့်/သို့မဟုတ် အစိုးရနှင့် ဆက်ဆံရေးကောင်းသော ပိုမို ကြီးမားပြီးအရှိန်အဝါပိုရှိသည့် ကုမ္ပဏီများအား လစဉ်ဈေးကွက်တန်ဖိုးအောက် ဈေးနှုန်းဖြင့်သစ်ခွဲတန်းများအား ပေး ရာတွင် ဦးစားပေးခြင်းခံရသော်လည်း သေးငယ်သည့်ပြည်တွင်းကုမ္ပဏီများ (အထက်တွင်ကြည့်ပါ) သည် MTE/ MTMA မှပေးသော တန်ဖိုးထက်ပိုမိုများပြားသည့် ဈေးနှုန်းများဖြင့် မှောင်ခိုဈေးကွက်ထံမှ ကုန်ကြမ်းများအား မကြာ ခဏဆိုသလို မလွှဲမရှောင်သာဖြင့်ဝယ်ယူကြရသည်။


## နိဂုံး - FLEGT နှင့် EUTR တို့အပေါ် အကျိုးသက်ရောက်မှုများ

မြန်မာနိုင်ငံမှတင်ပို့သည့်သစ်များသည် အစိုးရစီမံအုပ်ချုပ်သည့် သစ်တောများထံမှရရှိသည့် MTE သစ်များသာမက ဘဲ သဘာဝသစ်တောများတွင်ရှိသည့် သစ်ခုတ်လှဲခွင့်လိုက်လျောမှုများနှင့် စိုက်ပျိုးရေးစိုက်ခင်းများ၊ ရေအားလျှပ်စစ်၊ သတ္တုတွင်းထုတ်လုပ်မှုများနှင့် လမ်းခင်းခြင်းစီမံကိန်းများ (“အသွင်ပြောင်းသုံးစွဲသည့်သစ်”) အစရှိသော အမျိုးသား ဖွံ့ဖြိုးမှု စီမံကိန်းများအတွက်ပြုလုပ်သည့် အသွင်ပြောင်းသုံးစွဲသည့်သစ်တောမြေများ ပါဝင်သည်။ သစ်စိုက်ခင်းများမှ ရရှိသည့်သစ်များအား လုံလောက်သည့်ရင်းနှီးမြှုပ်နှံမှုနှင့် မြေပိုင်ဆိုင်ခြင်းလုံလောက်မှုမရှိသည့်အတွက် အဓိကတစ်ခု အနေနှင့်စဉ်းစား၍မရသော်လည်း MOECAF ၏ ပိုမိုလေးနက်သည့်အာရုံစိုက်မှုအား စတင်ရရှိလာပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ စီးပွားရေးမြေလိုက်လျောမှုများသည် နိုင်ငံတွင် အရေး ပါလာပြီဖြစ်ပြီး အထူးသဖြင့် စက်မှုစိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက်ဖြစ်ကာ သစ်တောအသွင်ပြောင်းသုံးစွဲမှုသည် မြန်မာ နိုင်ငံတွင် သဘာဝသစ်၏ အကြီးဆုံးဇာစ်မြစ်ဖြစ်လာမည်။ ဇာစ်မြစ်မျိုးစုံအားရှာခြင်းနှင့်ပတ်သက်သည့် အစိုးရ၏ အချက်အလက်များ မရှိသောကြောင့် သစ်ဇာစ်မြစ်တစ်ခုချင်း၏ အရေးပါမှုသည် မရှင်းလင်းသေးပါ။

မြန်မာအစိုးရသည် သစ်၏ဇာစ်မြစ်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့အားဂရုမပြုဘဲ MTE ၏ပါမစ်များပါပြီး ရန်ကုန်မှရေ ကြောင်းဖြင့်တင်ပို့လျှင် ၎င်းသစ်အား တရားဝင်သည်ဟုသတ်မှတ်သည်။ အစိုးရတရားဝင် အသိအမှတ်ပြုထားသည့် တရားမဝင်သစ်ထုတ်ခြင်းနှင့် ၎င်းနှင့်ပတ်သက်သော ကုန်သွယ်မှု၏ပြဿနာဆိုသည်မှာ တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံ အစရှိသည့်နိုင်ငံများသို့ တိုင်းရင်းသားထိစပ်နယ်မြေများမှ ကုန်းလမ်းမှတဆင့် MTE ၏ပါမစ်မပါဘဲ သစ်များအား တင်ပို့ခြင်းကို ဆိုသည်။

သစ်ကုန်သွယ်ရေးစီးဆင်းမှုများနှင့် မြန်မာသစ်များဝယ်ယူခြင်းနှင့်တင်ပို့ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နေသူတို့အား ခွဲခြားသတ်မှတ်ခြင်းသည် မြန်မာနိုင်ငံမှသစ်များ၏ တရားဝင်မှု၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် အသုံးပြုမှု၏ကျင့်ဝတ်များ နှင့်ပတ်သက်ပြီး အရေးကြီးသည့်မေးခွန်းများ ပေါ်ထွက်လာစေသည်။ သစ် supply chain အမျိုးမျိုးတို့တွင် ပါဝင် သည့် မတူညီသော လုပ်ကိုင်ဆောင်ရွက်နေသူများကြောင့် မကြာခဏဆိုသလိုဆုံမိကာ သစ်၏ဇာစ်မြစ်ကိုရှုပ်ထွေး စေပြီး ထို့ကြောင့် မြန်မာနိုင်ငံရှိသစ်များ၏တရားဝင်မှု၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ကျင့်ဝတ်တို့အားလည်း တစ်ဖန် ရှုပ်ထွေးစေသည်။ ထို့ကြောင့် အဆင့်ဆင့်ထိန်းသိမ်းစောင့်ရှောက်မှု (CoC) မျိုးစုံတို့အား ငြိတွယ်နေခြင်းမှ ဖြည်ချ ရန် အလွန်အရေးကြီးပြီး ထိုမှသာ မြန်မာ့သစ်ဇာစ်မြစ်များ၏ တရားဝင်မှု၊ ရေရှည်တည်တံ့ခိုင်မြဲမှု၊ ကျင့်ဝတ်နှင့်အညီ ဇာစ်မြစ်ရှာဖွေခြင်း၊ နှင့် မြေသုံးပိုင်ခွင့် များအား တိုင်းတာနိုင်မည် ဖြစ်သည်။ မြန်မာ့သစ်တောကဏ္ဍ၏ အနာဂနှင့် ပတ်သက်ပြီး ကိုင်တွယ်ရမည့် ပထမအရေးကြီးဆုံး အဆင့်မှာ မြန်မာနိုင်ငံ၏ အခြေအနေအောက်တွင် ဇာစ်မြစ် တရားဝင်မှု အတည်ပြုခြင်း (VLO) ၏ ရှုပ်ထွေးမှုအား အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် အလျှူရှင်အသိုင်းအဝိုင်းများက ပွင့်လင်းစွာ ဆွေးနွေးကြရန် ဖြစ်သည်။ မြန်မာ့သစ်တောကဏ္ဍနှင့် ပတ်သက်သည့် အနာဂတ်ဆွေးနွေးပွဲများတွင် တိုင်းရင်းသား ပဋိပက္ခ နယ်မြေများတွင်သဘာဝသစ်တောများ၏ အခန်းကဏ္ဍအား လစ်လျူရှုလို့ မရပါ။

ပုံ ၄။ သစ်စီးဆင်းမှုနှင့် မြန်မာနိုင်ငံတွင်းရှိ သစ်ကုန်သွယ်မှုလုပ်ကိုင်ဆောင်ရွက်နေသူများ



# ကိုးကားကျမ်းများ


Buchanan, J., Kramer, T. and K. Woods. 2013. Developing Disparity: Regional investment in Burma's borderlands. TNI and BCN, Amsterdam, February.

Eleven News, 2012. “Myanmar to ban timber exports in 2014.” 29 October.

Forest Trends, 2013 (forthcoming) China-Myanmar timber trade update. Policy Brief.

Global Witness, 2005. A Choice for China: Ending the destruction of Burma’s northern frontier forests. London, UK.

Global Witness, 2009. A Disharmonious Trade: China and the continued destruction of Burma's northern frontier forests. London, UK.

International Tropical Timber Organization (ITTO). 2011. Tropical Timber Market Report, Market Information Service, Vol. 16, No. 14, July 16-31.

Kachin Network Group (KNG), 2007. "Maj-Gen Ohn Myint bans gold mining, logging in Kachin." 17 July.

Kachin Network Group (KNG), 2011. "KIA bans logging in northern Burma." 15 December.

Kahrl, F., Weyerhaeuser, H., and S. Yufang, 2004. Navigating the Border: An Analysis of the China-Myanmar Timber Trade. World Agroforestry Center, Forest Trends.

Karen Environmental and Social Action Network (KESAN). 2008. Khoe Kay: Biodiversity in Peril. Chang Mai, Thailand.

Karen Human Rights Group (KHRG), 2013. Losing Ground: Land conflicts and collective action in eastern Myanmar. Thailand.

Kyaw Tint, Springate-Baginski, O. and Mehm Ko Ko Gyi. 2011. Community Forestry in Myanmar: Progress and Potentials. Yangon: ECCDI.

Milieu Defensie 2009. Sanctioned but not Stopped: Research on timber trade between the European Union and Burma. Amsterdam.

Oberndorf, R. 2012. Legal Review of Recently Enacted Farmland Law and Vacant, Fallow and Virgin Lands Management Law: Improving the legal & policy frameworks relating to land management in Myanmar.

Land Core Group (LCG) of the Food Security Working Group (FSWG), Yangon, Myanmar.

Su Phyo Win, 2013. "Pressure mounts on blacklisted business leader." Myanmar Times. 4 August.

Transnational Institute (TNI) and Burma Center Netherlands (BCN), 2013. Access Denied: Land rights and ethnic conflict in Burma. Policy Briefing no. 11, May.

Woods, K. 2011. “Conflict Timber along the China-Burma Border: Connecting the Global Timber Consumer with Violent Extraction Sites.” In: Tagliacozzo, E. and Wen-Chin Chang (Eds.); Ethnic Chinese Merchants and Chinese Capitalism in Southeast Asia: A History through Commodities. Duke University Press.

Woods, K. 2013. Emerging Agribusiness Trends in Myanmar: Opportunities and challenges for poverty reduction. Yunnan University Press, Kunming, China.

Woods, K., Forthcoming. Agro-Timber Conversion in Myanmar: The next driver of deforestation. Forest Trends, Washington D.C.

Woods, K. and K. Canby, 2011. Baseline Study 4 Myanmar: Overview of Forest Law Enforcement, Governance and Trade. Forest Trends and European Forestry Institute (EFI).

Xinhua, 2006. "Yunnan Public Security Border Defense Brigade takes actions to ensure the Yunnan-Burma timber and mineral trading cooperation." 27 March.

Ye Lwin, 2006. "Bid to end illegal timber trade." The Myanmar Times. 16-22 January.

FOREST TRENDS

## Forest Trends ဆိုင်ရာဆောင်ရွက်ချက်များ

### Ecosystem Marketplace
*A global platform for transparent information on ecosystem service payments and markets*

### Water Initiative
*Protecting watershed services through markets and incentives that complement conventional management*

### Forest Trade & Finance
*Bringing sustainability to trade and financial investments in the global market for forest products*

### BBOP
*Business and Biodiversity Offsets Program, developing, testing and supporting best practice in biodiversity offsets*

### the katoomba group
*Building capacity for local communities and governments to engage in emerging environmental markets*

### Communities and Markets
*Supporting local communities to make informed decisions regarding their participation in environmental markets, strengthening their territorial rights*

### MARES
Marine Ecosystem Services Program

*Using innovative financing to promote the conservation of coastal and marine ecosystem services*

### Public-Private Co-Finance Initiative
*Creating innovative, integrated, and efficient financing to support the transition to low emissions and zero deforestation land use*

*Learn more about our programs at www.forest-trends.org*